ကြေးမုံ
The Mirror
၁၃၇၁ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်၊ တနင်္ဂနွေနေ့၊ (14-2-2010) (၆၃၁၄)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို
## ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းနှင့် လမ်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော်   ဖေဖော်ဝါရီ   ၁၃**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၈ ရက်တွင် ပြည်ခရိုင် ပန်းတောင်းမြို့နယ် ငါးမျက်နှာကျေးရွာရှိ တောင်သူဦးသိန်းထွန်း၏ နေကြာသီးညှပ်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

### ကြည့်ရှုစစ်ဆေး

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို ပြည် (ရွှေတံခါး) - ပေါက်ခေါင်း ရထားလမ်းပိုင်းရှိ အင်ငါးခွ ဘူတာနှင့် ပေါက်ခေါင်း ဘူတာအကြားရှိ တောင်ဇင်းဝ တောင်ရှုရပ်မှ တောင်ကြော ဖြတ် မြေသားလုပ်ငန်း ဆောင် ရွက်နေမှုကို ကြည့်ရှုစစ်ဆေး စဉ်။** (သတင်းစဉ်)





# ယနေ့ခေတ် မော်တော်ယာဉ်များနှင့် မြန်မာနိုင်ငံ၏လမ်းများ(၁၄)

သတင်းဆောင်းပါး - ခရမ်းစိုးမြင့်

ဓာတ်ပုံ - ဆောက်လုပ်ရေးဝန်ကြီးဌာန

အဆင်အပြင် - ကိုမင်း

အာဆီယံနိုင်ငံများသည် နိုင်ငံတစ်နိုင်ငံမှ တစ်နိုင်ငံသို့ ကူးသန်းသွားလာလျက် ကုန်များ သယ်ယူပို့ဆောင်ကြမည်ဖြစ်သဖြင့် ယာဉ်များ သတ်မှတ်အရွယ်အစားရှိစေရန်၊ သတ်မှတ်အလေးချိန်ထက် ကျော်လွန်မှုမရှိစေရန်တို့အပြင် ယာဉ်အန္တရာယ်ကင်းရှင်းစေရန်၊ နိုင်ငံတကာ ယာဉ်မောင်းသူတိုင်း နားလည်နိုင်မည့် လမ်းဘေးတွင် လမ်းညွှန် လမ်းအမှတ်အသားများ စိုက်ထူရန်တို့ လိုအပ်လာပါသည်။

၁၉၉၉ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ ကျင်းပသည့် (၅)ကြိမ်မြောက် အာဆီယံနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး၌ မြန်မာနိုင်ငံမှ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးအပါအဝင် သဘောတူလက်မှတ်ထိုးထားသည့် အရေးကြီးသည့် အချက်များတွင် လမ်းဘေးဆိုင်းဘုတ်များ စိုက်ထူထားရမည်ဟူသော အချက်တစ်ချက်လည်း ပါရှိပါသည်။

ထို့အပြင် အာဆီယံအဝေးပြေးလမ်းများတွင် သတ်မှတ်မောင်းနှင်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၁၂၀ နှုန်းသည် ပထမအဆင့်အမျိုးအစားလမ်းများတွင်သာ မောင်းနှင်ရမည်ဖြစ်ပြီး အဆိုပါလမ်းတွင် ယာဉ်ကြောနှစ်ခုကြား အလယ်မျဉ်းနှင့် အဆင့်ခွဲခြားထားသော လမ်းလွှဲစနစ်များပါရှိမည် ဖြစ်ပါသည်။ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❍

# ဟိုတယ်ပါရှိမည့် လေသဘောကြီး တည်ဆောက်နိုင်ရန် ဒီဇိုင်းရေးဆွဲ

**အင်တာနက် ဒီဇိုင်းနည်းပညာသတင်း**

**ဘာသာပြန် - စံစံ**

**လန်ဒန်  ဖေဖော်ဝါရီ ၁၃**

ဝေဟင်အတွင်း လွင့်မျောနေသည့် ဟိုတယ်ဖြင့် အပန်းဖြေနားနေနိုင်မည့် လေသဘော်ာ တည်ဆောက်နိုင်ရန် ဗြိတိန်နိုင်ငံ လန်ဒန်အခြေစိုက် ဒီဇိုင်းနှင့် တီထွင်ဆန်းသစ်ရေးလုပ်ငန်းဆိုင်ရာ ကုမ္ပဏီတစ်ခုက ဒီဇိုင်းရေးဆွဲထားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အမြင့် ၂၆၅ မီတာရှိ လေသဘော်ာသည် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ ကုဗမီတာ ၃၃၀၀၀၀ ပါရှိမည်ဖြစ်ပြီး အလေးချိန် ၃၉၆ တန်ကို မ နိုင်စွမ်းရှိမည်ဖြစ်ကြောင်း၊ လေသဘော်ာပေါ်တွင် တည်းခိုနားနေနိုင်ရန် အခန်းများ ဖွဲ့စည်းထားမည်ဖြစ်ပြီး ဘားခန်းများလည်း ပါရှိမည်ဖြစ်ကြောင်း ဆေးမားပါဝဲလ်အမည်ရှိ ကုမ္ပဏီမှ ဒီဇိုင်းပညာရှင်များက ပြောကြားသည်။

Aircruise ဟု အမည်ပေးထားသော လေသဘော်ာသည် အနာဂတ်ကာလ ခရီးသွားလုပ်ငန်း၏ အသွင်သစ်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ အာကာသ ကောင်းကင်ပြင်အတွင်း စည်းစိမ်ခံယူလိုသော လူကုံထံကမ္ဘာလှည့်ခရီးသည်များ အပန်းဖြေနိုင်ရန် ရည်ရွယ်ကြောင်း ဆေးမားပါဝဲလ် ကုမ္ပဏီ၏ သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ ဒီဇိုင်းပုံစံထုတ်လုပ်ရေး **စာမျက်နှာ ၃ကော်လံ ၁သို့** ✳

### လေသဘော်ာကြီး

**ဝေဟင်အတွင်း လွင့်မျောသွားလာနိုင်မည့် လေသဘော်ာကြီး ပင်လယ်ကမ်းရိုးတန်းတစ်နေရာတွင် ရပ်နားထားပုံကို ပန်းချီဆရာက သရုပ်ဖော် ရေးဆွဲထားစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

### ယနေ့ ကြေးမုံ ဆောင်းပါးအညွှန်း

**နိုင်ငံရေးလုပ်စားတဲ့ လူလည် နိုင်ငံရေးသမားတွေနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ တည်ငြိမ်အေးချမ်းမှုကို မလိုလားတဲ့ နိုင်ငံခြားသားတွေရဲ့ နောက်မြီးဆွဲ ဩဇာခံဘဝကို ပြတ်ပြတ်သားသား စွန့်လွှတ်သွားရန်လည်း တိုက်တွန်းအကြံပြုချင်ပါတယ်။ အတွေးအခေါ် အယူအဆဟောင်းတွေကို စွန့်လွှတ်၊ ပကတိအဖြစ်အမှန်တွေကို သိမြင်နားလည်ပြီး ပြည်သူတွေရဲ့ လိုလားတောင့်တချက်အတိုင်း လျှောက်လှမ်းရမယ့် လမ်းကြောင်းကို ရွေးချယ်သင့်ပါပြီ။**

**စောဖိုးစီ** ၏ "KNU ဘယ်လဲ" (ဆောင်းပါး) စာမျက်နှာ- ၈၊ ၉

၁၄-၂-၂၀၁၀
(တနင်္ဂနွေနေ့)

## သွင်းကုန်အစားထိုးစက်ရုံသစ်များ ဖွင့်လှစ် စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်က စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းနေသည်။ ပြည်တွင်းရှိ သယံဇာတစွမ်းအား၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ စွမ်းအားအရင်းအမြစ်များကို ရယူ၍ ဖန်တီးဖော်ဆောင်လျက်ရှိသည်။ စက်မှုဇုန်များ ထူထောင်အားပေးခြင်း၊ စက်ရုံ၊ အလုပ်ရုံအသစ်များ တိုးချဲ့တည်ဆောက်ခြင်းတို့နှင့်အတူ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ ဖြစ်ထွန်းလာနေသည်ကို တွေ့ရသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနတို့က လူသုံးအိမ်သုံးကုန်ပစ္စည်းများ၊ ဆေးဝါးနှင့် စားသောက်ကုန်ပစ္စည်းများ၊ ဒီဇယ်အင်ဂျင်များ၊ အကြီးစားစက်နှင့် စက်ကိရိယာပစ္စည်းများကို ထုတ်လုပ်နေကြပြီ။ စက်မှုလုပ်ငန်းကြီးများ ထူထောင်လာနိုင်မှုကြောင့် တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတွင် စက်မှုကဏ္ဍမှ ပါဝင်မှု အချိုးအစား နှစ်စဉ်တိုးတက်လျက်ရှိသည်။

အမှတ်(၂)စက်မှုဝန်ကြီးဌာန အမှတ်(၂)တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(ဘီးလင်း)ကို မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် ဖေဖော်ဝါရီ ၁၀ ရက်က ဖွင့်လှစ်လိုက်သည်။ လူစီးမော်တော်ယာဉ် တာယာ ၁၁ မျိုးကို တစ်နှစ်လျှင် အလုံးရေ သုံးသိန်းထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။ ထို့အပြင် စက်မှုလုပ်ငန်းသုံး အဆင့်မြင့်ရော်ဘာပစ္စည်းများဖြစ်သည့် ဖိအားမြင့်ရော်ဘာပိုက်၊ ဆေးရုံသုံးလက်အိတ်နှင့် အခြားစက်မှုလုပ်ငန်းသုံး ရော်ဘာပစ္စည်းများကိုလည်း ထုတ်လုပ်ပေးသွားမည်ဖြစ်သည်။

စက်မှုနယ်မြေများ၊ စက်မှုဇုန်များနှင့် ခေတ်မီစက်ပစ္စည်းစက်ရုံများ၊ သွင်းကုန်အစားထိုးစက်ရုံသစ်များ တိုးချဲ့ထူထောင်လာနိုင်သည့်အတွက် ကုန်ထုတ်လုပ်မှု နည်းပညာသစ်များ ရရှိလာသည်။ ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပိုမိုရရှိနေပြီ။ ဒေသဖွံ့ဖြိုးတိုးတက်မှုကိုလည်း အကျိုးပြုလျက်ရှိသည်။

ယနေ့ကာလတွင် စက်မှုကဏ္ဍမှ ပို့ကုန်များတိုးမြှင့်ထုတ်လုပ်ရေး၊ ပြည်ပသွင်းကုန်လျှော့ချပြီး သွင်းကုန်အစားထိုး စက်ရုံများတိုးပွားလာရေး ရှေးရှုဆောင်ရွက်နေသည်။ စက်ရုံအလိုက် ကုန်ပစ္စည်းများထုတ်လုပ်ရာတွင် အရေအတွက်သာမက ထုတ်ကုန်အရည်အသွေးကောင်းမွန်ရေး၊ ဝယ်လိုအားများသော ပစ္စည်းများတိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ သုံးစွဲသူများအကြိုက် တီထွင်ထုတ်လုပ်သွားရေးတို့ကိုလည်း မျက်ခြည်မပြတ် ကြိုးပမ်းသွားကြရမည်ဖြစ်သည်။

စက်ရုံ၊ အလုပ်ရုံတိုင်းက စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်ရေး၊ အရည်အသွေးမီ ကုန်ပစ္စည်းများ လျှာထားချက် ပြည့်မီစွာထုတ်လုပ်နိုင်ရေး၊ ကုန်ကြမ်းပစ္စည်းများ ပြည့်စုံနေစေရေး ဟန်ချက်ညီညီ ဆောင်ရွက်ကြခြင်းဖြင့် စက်မှုကဏ္ဍအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ ။

## e-Telegram လုပ်ငန်းအကြောင်းနှင့် e-Telegram Prepaid Card အကြောင်း သိကောင်းစရာဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

e-Telegram လုပ်ငန်းနှင့် e-Telegram Prepaid Card အကြောင်း သိကောင်းစရာ ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက မအူပင်မြို့ ကွန်ပျူတာတက္ကသိုလ်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲသို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ လုပ်ငန်းနှင့် စစ်ဆေးရေးဌာန(ကြေးနန်း) လက်ထောက်အထွေထွေမန်နေဂျာ ဦးခင်မောင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ပုသိမ်မြို့ ဧရာဝတီတိုင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းဌာန(ကြေးနန်း) လက်ထောက်မန်နေဂျာ ဦးအောင်သင်းဦး၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးညွန့်စိန်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ ကွန်ပျူတာတက္ကသိုလ်ကျောင်းအုပ်ကြီး ဒေါက်တာနှင်းမင်းဦးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ လုပ်ငန်းနှင့် စစ်ဆေးရေးဌာန လက်ထောက်မန်နေဂျာ ဒေါ်နွယ်နွယ်အောင်က e-Telegram လုပ်ငန်းအကြောင်းနှင့် e-Telegram Prepaid Card အကြောင်း သိကောင်းစရာများကို ဆွေးနွေးဟောပြောပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အထက(၁)ဒဂုံ မြတ်ဆရာ ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

၁၉၇၅ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး အသက် (၆၀) ပြည့် ဆရာကြီး၊ ဆရာမကြီးများအား မတ် ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(၁)ဒဂုံ ဒဂုံသီရိခန်းမ၌ ဆရာကန်တော့ပွဲ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ပါဝင်တက်ရောက်ကြပါရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများသည် သီရိမာ(၇၈) ဖုန်း-၀၉-၅၀၂၁၂၄၁၊ နုနုရီ (၇၉) ဖုန်း-၀၉-၅၁၇၈၄၀၇၊ မြတ်စိုးဝင်း (၇၉) ဖုန်း-၀၉-၅၁၂၆၇၇၅၊ ဇော်မင်းဦး (၈၆) ဖုန်း-၀၉-၅၀၀၂၅၇၁၊ ကေခိုင်လင်း (၉၀) ဖုန်း-၀၉-၅၁၂၇၂၁၅၊ ချိုလေးလွင် (၉၁) ဖုန်း-၀၉-၉၉၇၂၅၈၀၊ သားစိုး(၉၇) ဖုန်း-၀၉-၅၁၄၀၂၁၀၊ ဇော်မောင်မောင်ကျော်(၉၄) ဖုန်း-၀၉-၅၄၁၀၃၇၄၊ ကျော်သူစိုး(၉၉) ဖုန်း-၀၉-၅၁၆၆၂၉၄၊ အောင်သူထွန်း (၉၀) ဖုန်း-၀၉-၈၆၁၄၈၀၀၊ ရဲမင်းလွင် (၀၂) ဖုန်း-၀၉-၅၅၀၄၅၉၄၊ အောင်ကိုကို(၉၀) ဖုန်း-၀၉-၅၄၀၄၅၄၅၊ ကျော်စွာဝင်း (၉၀) ဖုန်း-၀၉-၅၁၁၂၂၃၃၊ ရဲမျိုးသွင် (၈၆) ဖုန်း-၀၉-၅၀၂၈၇၈နှင့် အေးအေးမျိုး (၉၇) ဖုန်း-၀၉-၅၀၁၆၆၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

ပြည်သူ့သဘောထား
- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဒုတိယအကြိမ် ရခိုင်ပြည်နယ် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲပြိုင်ပွဲ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးများ ကြည့်ရှုအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၃

**ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် (၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီခွဲတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ဝေသာလီအားကစားကွင်း၌ ကျင်းပသော ဒုတိယအကြိမ် ရခိုင်ပြည်နယ် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲပြိုင်ပွဲသို့ ရောက်ရှိကြပြီး ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်သူများ၏ ဒေသထွက် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ သစ်ခွပန်းမျိုးစုံနှင့် အလှပန်းများ ပြိုင်ပွဲဝင်ခင်းကျင်းပြသမှုနှင့် ဝန်ကြီးဌာနအရောင်းပြခန်းများကို ကြည့်ရှုအားပေးကြသည်။**

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် ပထမအကြိမ် ရခိုင်ရိုးရာ အဝတ်အထည်ရက်လုပ်ပြိုင်ပွဲသို့ ရောက်ရှိကြပြီး စစ်တွေမြို့နယ်အတွင်းရှိ ရခိုင်ရိုးရာ ရက်ကန်းရက်လုပ်ကြသည့် ကျေးရွာများမှ ရက်ကန်းပညာရှင်များ၏ ပြိုင်ပွဲဝင် ရက်လုပ်နေမှုနှင့် ရိုးရာရက်ကန်းအထည်ဆိုင်၏ ရိုးရာအထည်ဒီဇိုင်းများကို ကြည့်ရှုအားပေးကာ အမှတ်(၁) စက်မှုဝန်ကြီးဌာနက ဖွင့်လှစ်ရောင်းချလျက်ရှိသော အဝတ်အထည်များ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ စက္ကူနှင့် စာရေးကိရိယာများ၊ စတီးလ်အိမ်သုံးပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်း စုစုပေါင်း အမယ် ၂၈၈ မျိုး ရောင်းချမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။



ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ ဒုတိယအကြိမ် ရခိုင်ပြည်နယ် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲပြိုင်ပွဲကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

အဆိုပါ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲပြိုင်ပွဲတွင် ဝန်ကြီး ဌာနများနှင့် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများ၏ ပြခန်းပေါင်း ၂၁ ခန်း ပါဝင် ယှဉ်ပြိုင်ကြပြီး ဖေဖော်ဝါရီ ၇ ရက်မှ ၁၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ဇန်နဝါရီ ၂၃ ရက်က အထက(၃)တာမွေ၌ ကျင်းပသော ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော မောင်ဝေယံဖြိုးအောင်၊ မရည်မွန်လှိုင်နှင့် မခိုင်ပိုးအိတို့အား ကျောင်းအုပ်ဆရာကြီး ဦးသိန်းလွင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

## ရွှေနေကြီး ဦးနက်ကျော်နှင့် လက်ရွေးစင်ဝတ္ထုတိုများ စာအုပ်ထုတ်ဝေ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

အကယ်ဒမီငါးဆုရ နှလုံးလှလူမိုက်ဝတ္ထု ဖန်တီးသူ ရွှေနေစာရေးဆရာ ချစ်ကိုကိုယု၏ ရွှေနေလောက အတွေ့အကြုံများ စာအုပ် ထုတ်ဝေပြီးနောက် ကိုးအုပ်မြောက်အဖြစ် "ရွှေနေကြီး ဦးနက်ကျော်နှင့် လက်ရွေးစင် ဝတ္ထုတိုများစာအုပ်"ကို စိုးစာပေမှ မိုးကျော်၏ မျက်နှာဖုံးပန်းချီပုံဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

ယင်းစာအုပ်တွင် ရွှေနေကြီး ဦးနက်ကျော်နှင့် ဆိုင်းဘုတ်၊ ဖူးလေးပန်းဆိုးတန်း၊ အိုင်ကြီးသုသာန်လူသတ်မှု၊ ကြိုးသမားတစ်ယောက်ရဲ့ အချစ်ခေါ်သံ၊ ပင်အိုထက်က ငှက်ဆိုးအော်သံ၊ အမှုအစရှိသည့် ဝတ္ထုတို ၁၅ ပုဒ် ပါရှိပြီး စာရေးသူ၏ ရွှေနေလုပ်သက် အတွေ့အကြုံများနှင့် ဘဝဒဿနများကို စရနယ်ကာ စိတ်ဝင်စားဖွယ် ခြယ်မှုန်းရေးသားထားသည်။

အဆိုပါစာအုပ်ကို စိုးစာပေ အမှတ်-၅၅ (E)၊အနောက်မြင်းပြိုင်ကွင်းလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့နှင့် အခြားစာအုပ်ဆိုင်ကြီးများတွင် တစ်အုပ်လျှင် ငွေကျပ် ၁၅၀၀ဖြင့် ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၄-၂-၂၀၁၀ (တနင်္ဂနွေနေ့)

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်) |
| ၇း၄၅ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၈း၀၀ | ၆။ | ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ |
| ၈း၁၅ | ၇။ | အကပြိုင်ပွဲ |
| ၈း၃၀ | ၈။ | တေးဂီတအစီအစဉ် |
| ၈း၄၀ | ၉။ | International News |
| ၈း၅၀ | ၁၀။ | **"ကြိုဆိုလျက်ပါ"** |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

### နေ့လယ်ပိုင်း

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | စစ်သည်တေး |
| ၁၁း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁း၂၅ | ၃။ | တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ် |
| ၁၁း၃၅ | ၄။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ဟာသကမ္ဘာ" (အပိုင်း-၇၂)** |
| ၁၂း၂၅ | ၅။ | Golf Magazine(TV) |
| ၁၂း၄၅ | ၆။ | **ဗီဒီယိုဇာတ်လမ်း "စိတ်ဓာတ်" (နေတိုး၊မင်းခ၊ မေကဗျာ၊ စောနန္ဒာထက်) (ဒါရိုက်တာ-ဟိန်းဇော်)** |
| ၂း၁၅ | ၇။ | လက်ပံလှတံတား |
| ၂း၄၀ | ၈။ | International News |
| ၂း၅၀ | ၉။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက |
| ၃း၀၀ | ၁၀။ | အစီအစဉ်ပြီး၏။ |

### ညပိုင်း

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၄း၂၀ | ၃။ | အတီးပြိုင်ပွဲ |
| ၄း၃၀ | ၄။ | ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (မြန်မာစာဘာသာရပ်) |
| ၅း၀၅ | ၅။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၅း၁၀ | ၆။ | ဆိုကြမယ်ပျော်ကြမယ် |
| ၆း၀၀ | ၇။ | ညနေခင်းသတင်း |
| ၆း၁၅ | ၈။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၉။ | **တစ်မျက်နှာ တစ်ကွက်စာ "မရှိမကောင်း၊ ရှိမကောင်း" (ထွန်းထွန်းဝင်း၊ ခင်မို့မို့အေး) [ဒါရိုက်တာ-မေတင်(MMG)]** |
| ၆း၄၀ | ၁၀။ | တေးဂီတအစီအစဉ် |
| ၇း၀၀ | ၁၁။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "တော်ဝင်နှလုံးသား" (အပိုင်း-၁၂)** |
| ၈း၀၀ | ၁၂။ | ပြည်တွင်းသတင်း |
| | ၁၃။ | အမျိုးသားအထိမ်းအမှတ် ဥယျာဉ် (နေပြည်တော်) |
| | ၁၄။ | အမျိုးသားအထိမ်းအမှတ် ဥယျာဉ် (ချင်းပြည်နယ်) |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | **ကာတွန်းအစီအစဉ် "တောတောင်ငယ်သိုင်း ညီနောင်လေးများ"** (အပိုင်း-၁) |
| | ၁၈။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေဖူးစာလည်" (အပိုင်း-၇)** |
| | ၁၉။ | **ရုပ်သံကြယ်ပွင့်များ** |
| | ၂၀။ | အစီအစဉ်ပြီး၏။ |

**☆ ကာကွယ်ရေးမှ**

ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းတွင် ပြည်မြို့နယ် ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်းရှိ နည်းပညာတက္ကသိုလ်(ပြည်)ဘူတာယာဒ်ဝင်း တည်ဆောက်မည့်နေရာ၊ ပြည်(ရွှေတံခါး)-ပေါက်ခေါင်းရထားလမ်းပိုင်းရှိ အင်ငါးခွဘူတာနှင့် ပေါက်ခေါင်းဘူတာအကြားရှိ တောင်ဇင်းဝတောင်ရှုရပ်မှ တောင်ကြောဖြတ်မြေသားလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပေါက်ခေါင်းဘူတာ ယာဒ်ဝင်းတည်ဆောက်ရေးရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြား၍ ဆောင်ရွက်နေသည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် အဖွဲ့ဝင်များသည် ပြည်-ပေါက်ခေါင်းလမ်းပိုင်း၌ ကတ္တရာခင်းခြင်းနှင့် ကျောက်ချောခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း တိုးတက်ပြုပြင်ခြင်းလုပ်ငန်း ကြက်မနစ်စခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ထို့နောက် ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေးမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် အဖွဲ့ဝင်များသည် ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း တိုးတက်ပြုပြင်ခြင်းလုပ်ငန်း၏ မိုင်တိုင်(၉၄/၇)မှ (၉၅/၀)အထိ ကတ္တရာရေပိတ်လွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ မိုင်တိုင် (၁၀၅/၆)မှ (၁၀၇/၃)အထိ ကတ္တရာလောင်းခြင်း၊ ကျောက်ချောခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**✳ ရွှေဖုံးမှ**

ဌာနအကြီးအကဲ နစ်တဲလ်ဘော့က ပြောကြားသည်။ ဝေဟင်အတွင်း တငြိမ့်ငြိမ့် လွင့်မျောနေသည့် လေသဘော်ကြီးနှင့်အတူ ငြိမ်းချမ်းစွာ အပန်းဖြေနားနေနိုင်မည့်ခရီးစဉ်မှာ ကမ္ဘာလှည့်ခရီးသည်များအတွက် တစ်မူထူးခြားသော အတွေ့အကြုံကို ပေးစွမ်းမည် ဆို၏။

လေသဘော်ကြီးသည် ကမ္ဘာ့မြို့ကြီးများနှင့် ပင်လယ်သမုဒ္ဒရာများ၏အထက် ဝေဟင်အတွင်း လွင့်မျောသွားလာနိုင်မည်ဖြစ်သည်။ လေသဘော်ပေါ်တွင် ဧည့်သည်နှင့် ယာဉ်ဝန်ထမ်းအဖွဲ့ စုစုပေါင်း ၁၀၀ အထိ လိုက်ပါနိုင်မည် ဖြစ်ကြောင်း၊ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ဆုံး ပျံသန်းနိုင်မည့် အမြင့်မှာ ပေ ၁၂၀၀၀ ဖြစ်ကြောင်း၊ ယာဉ်ဝန်ထမ်းဦးရေမှာ ပျံသန်းရေးအင်ဂျင်နီယာနှစ်ဦး အပါအဝင် ခြောက်ဦးဖြစ်ကြောင်း၊ ခရီးသည်များအား စောင့်ရှောက်ပေးမည့် ဝန်ထမ်းဦးရေမှာ ၁၄ ဦးဖြစ်ကြောင်း တဲလ်ဘော့က ပြောကြားသည်။

လေသဘော်သည် ၆ နာရီလျှင် ကီလိုမီတာ ၁၀၀ မှ ၁၅၀ အထိ ခရီးနှင်နိုင်ပြီး လန်ဒန်-နယူးယောက် ခရီးစဉ် ကို ၃၇ နာရီကြာ ပျံသန်းမည်ဖြစ်သည်။ ***အင်တာနက်။***

# ပထမအကြိမ် အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါပညာ နှီးနှောဖလှယ်ပွဲနှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

**မြန်မာနိုင်ငံဆရာဝန်အသင်း အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါပညာအဖွဲ့က ကြီးမှူးကျင်းပမည့် ပထမအကြိမ် အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါပညာ နှီးနှောဖလှယ်ပွဲနှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။**

အဆိုပါ စာနယ်ဇင်းရှင်းလင်းပွဲသို့ ပထမအကြိမ် အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါပညာ နှီးနှောဖလှယ်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင်ဝင်းနှင့် ကော်မတီဝင်များ၊ နှီးနှောဖလှယ်ပွဲ ကျင်းပရေးကော်မတီ အတွင်းရေးမှူး၊ မြန်မာနိုင်ငံဆရာဝန်အသင်း အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါပညာအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်သန်းသန်းဆွေနှင့် အဖွဲ့ဝင်များ၊ အမှတ်(၂) တပ်မတော်ဆေးရုံကြီး(ခုတင်-၅၀၀)မှ အစာအိမ်၊ အူလမ်းကြောင်းရောဂါ ကုသမှုဌာန ပါမောက္ခဌာနမှူး ဒုတိယဗိုလ်မှူးကြီး ကျော်စိုးထွန်းနှင့် စာနယ်ဇင်းအသီးသီးတို့မှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပထမအကြိမ် အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါပညာ နှီးနှောဖလှယ်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင်ဝင်းက နှီးနှောဖလှယ်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နှီးနှောဖလှယ်ပွဲ ကျင်းပရေးကော်မတီ အတွင်းရေးမှူး၊ မြန်မာနိုင်ငံဆရာဝန်အသင်း အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါပညာအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်သန်းသန်းဆွေနှင့် အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါကု ပါမောက္ခဆရာဝန်ကြီးများနှင့် အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၅၀၀)မှ အစာအိမ်၊ အူလမ်းကြောင်း ရောဂါကုသမှုဌာန ပါမောက္ခဌာနမှူး ဒုတိယဗိုလ်မှူးကြီးကျော်စိုးထွန်းတို့က နှီးနှောဖလှယ်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

အဆိုပါ ပထမအကြိမ် အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါပညာ နှီးနှောဖလှယ်ပွဲကို ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ဖေဖော်ဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပမှ အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါကု ပါမောက္ခဆရာဝန်ကြီးများ တက်ရောက်ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူ ဆရာဝန်များအားလုံး စာရင်းပေးသွင်း တက်ရောက်နိုင်ကြကြောင်းနှင့် အသေးစိတ်သိလိုပါက လမ်း(၃၀) ဆေးခန်း (30th Street Clinic)တွင် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



အမှတ်(၁) အခြေခံပညာဦးစီးဌာန ရောဝတီတိုင်း ပုသိမ်မြို့နယ် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ဘက်စုံပညာရည်ထူးချွန်ဆုပေးအပ်ပွဲကို ဇန်နဝါရီ ၂၉ ရက်က ပညာရတနာခန်းမ၌ ကျင်းပရာ ရောဝတီတိုင်း လက်ထောက်ပညာရေးမှူး ဦးစိုးမြင့်(စီမံ)က အဖွင့်အမှာစကားပြောကြားပြီး ဘက်စုံပညာရည်ချွန်ထူးချွန်ဆုရရှိသူများအား လက်ထောက်တိုင်းပညာရေးမှူး ဦးစိုးမြင့်(စီမံ)နှင့် တာဝန်ရှိသူတို့က ပေးအပ်ကြပြီး ခရိုင်ပညာရေးမှူး ဦးကြည်အောင်က ဗဟိုအဆင့်၊ တိုင်းအဆင့်၊ မြို့နယ်အဆင့် ဘက်စုံထူးချွန်ဆုပေါင်း ၁၁ ဆု ရရှိသော အလက (၁) စတုတ္ထတန်းမှ မောင်မင်းခန့်မောင်မောင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(၅၅၂)





ပထမအကြိမ် အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါပညာ နှီးနှောဖလှယ်ပွဲနှင့် စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲတွင် ပထမအကြိမ် အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါပညာ နှီးနှောဖလှယ်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင်ဝင်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

# တက္ကသိုလ်များ အခြေခံမြားပစ်သင်တန်းနှင့် မြားပစ် ဒိုင် နည်းပြသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

အားကစားနှင့် ပညာရေးပေါင်းစပ်မှု ဦးစီးကော်မတီ၏ လမ်းညွှန်မှုဖြင့် အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်နှင့် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)၊ တက္ကသိုလ်များ မြားပစ်ဆပ်ကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် တက္ကသိုလ်များ အခြေခံမြားပစ်သင်တန်းနှင့် မြားပစ်ဒိုင်၊ နည်းပြသင်တန်း သင်တန်းဆင်း လက်ရည်စစ် မြားပစ်ပြိုင်ပွဲနှင့် သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် ညနေ ၃ နာရီခွဲက ကျိုက္ကဆံ အမှတ်(၅) ဂိတ်ရှိ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်တွင် ကျင်းပသည်။

သင်တန်းဆင်းလက်ရည်စစ် မြားပစ်ပြိုင်ပွဲ အမျိုးသားပြိုင်ပွဲတွင် ပထမ-ဇော်မင်းထွန်း၊ ဒုတိယ-တင်ထွန်းသန်း၊ တတိယ-အောင်ကျော်ဇော၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမ-ခင်ဖြူစောလင်း၊ ဒုတိယ-သုရတနာလတ်၊ တတိယ-ဇာခြည်ဦးတို့က ရရှိကြသည်။ ပြိုင်ပွဲအပြီးတွင် ဆုများချီးမြှင့်ရာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းက အမျိုးသမီးပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး(ဒုတိယညွှန်ကြားရေးမှူး အား/ကာ)က အမျိုးသားပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် သင်တန်းဆင်းပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး ရန်ကုန်ပညာရေး တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ်၊ တက္ကသိုလ်များ မြားပစ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာလွင်လွင်စိုးက ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး(ဒုတိယညွှန်ကြားရေးမှူး အား/ကာ)က အဆင့်မြင့်မြားပစ်သင်တန်း ဆက်လက်ဖွင့်လှစ်ရေးနှင့် မျိုးဆက်သစ်ကစားသမားများ ရွေးချယ်ရေးတို့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းဆင်းလက်မှတ်များပေးအပ်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မင်းက ဒိုင်အဖွဲ့ကိုလည်းကောင်း၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းက နည်းပြအဖွဲ့ကိုလည်းကောင်း၊ ရန်ကုန်ပညာရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာလွင်လွင်စိုးက သင်တန်းသား၊ သင်တန်းသူများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယခုသင်တန်းကို ဒိုင်လူကြီး ရှစ်ဦး၊ နည်းပြ ခုနစ်ဦး၊ သင်တန်းသား ၂၇ ဦး၊ သင်တန်းသူ ၄၂ ဦး တက်ရောက်ခဲ့ကြပြီး လူငယ်သွေးသစ် အားကစားသမားများ ပေါ်ထွက်လာရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၃ ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးကို ရည်ရွယ်၍ မျိုးဆက်သစ် မြားပစ်သမားများ ထွက်ပေါ်လာရန်အတွက် အဆင့်မြင့် မြားပစ်သင်တန်းကို အမြန်ဆုံးဖွင့်လှစ်သွားမည်ဖြစ်ပြီး ယခုသင်တန်းမှ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၆ ဦး တက်ရောက်ခွင့် ရရှိထားကြောင်း သိရသည်။

(ကြေးမုံ)





**ဆုချီးမြှင့်**

**မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ) ဆုချီးမြှင့်စဉ်။**

(ကြေးမုံ)

**မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများအသင်းဥက္ကဋ္ဌ ဦးငြိမ်းမြိုင် ဦးဆောင်သည့် အဖွဲ့ဝင်ရှစ်ဦးပါ မြန်မာနိုင်ငံငါးလုပ်ငန်း လေ့လာရေး ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံတွင် ဗီလားခေါ် ဂျပန်ငါးများ၏ သားဖောက်မွေးမြူရေးလုပ်ငန်းများကို လေ့လာရန်အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဖေဖော်ဝါရီ ၅ ရက်က ထွက်ခွာကြရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။**

(သတင်းစဉ်)

# စာအုပ်စာပေ လူ့မိတ်ဆွေ

**❍ ရှေ့ဖုံးမှ**

မြို့ပြဒေသများအတွက် ထောက်ခံချက်ရရှိထားသော သတ်မှတ်မောင်းနှင်နှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| ပထမအဆင့်လမ်း | ၈၀-၁၀၀ | ကီလိုမီတာ/တစ်နာရီ |
| အဆင့်(၁)လမ်း | ၆၀- ၈၀ | ကီလိုမီတာ/တစ်နာရီ |
| အဆင့်(၂)လမ်း | ၅၀- ၆၀ | ကီလိုမီတာ/တစ်နာရီ |
| အဆင့်(၃)လမ်း | ၄၀- ၅၀ | ကီလိုမီတာ/တစ်နာရီ |

ယင်းမှာ မဟာမဲခေါင်ဒေသ နောက်ဆက်တွဲစာချုပ်ငယ်(၁၁)လမ်းတံတား ဒီဇိုင်းပုံစံနှင့် ဆောက်လုပ်ရေးဆိုင်ရာ အထူးသတ်မှတ်ချက်များအရ ဖြစ်ပါသည်။

ယာဉ်များသည် သတ်မှတ်အတိုင်းအတာစံချိန်စံညွှန်း၊ လမ်းအနေအထားစံချိန်စံညွှန်း၊ လမ်းအဆောက်အအုံစံချိန်စံညွှန်း၊ (ယာဉ်၏စုစုပေါင်း အလေးချိန်နှင့် ဝင်ရိုးအရေအတွက်၊ ဝင်ရိုးအလေးချိန်)များကို လိုက်နာခြင်း၊ သတ်မှတ်မောင်းနှင်နှုန်းများအတိုင်း မောင်းနှင်ခြင်း၊ ယာဉ်မောင်းသူနှင့် လမ်းအသုံးပြုသူများသည် လမ်းဘေးဆိုင်းဘုတ်များကို သိရှိနားလည်ခြင်းဖြင့်-

- အန္တရာယ်ကင်းရှင်းခြင်း၊
- လမ်းများကောင်းမွန်ခြင်း၊
- ကုန်သွယ်မှုလွယ်ကူခြင်း၊
- တစ်နေရာမှတစ်နေရာသို့ အချိန်တိုအတွင်း အလွယ်တကူသွားရောက်နိုင်သဖြင့် တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိခြင်း၊ (အာဆီယံနိုင်ငံများနှင့်လည်း ရင်းနှီးမှုရှိခြင်း)
- နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတိုးတက်ခြင်းဟူသော အကျိုးကျေးဇူးများကို ရရှိခံစားနိုင်မည်ဖြစ်ပါသည်။

ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် လမ်းများပျက်စီးမှုနည်းပါးရေးအတွက် ၁၉၆၈ခုနှစ် ဩစတြီးယားနိုင်ငံ၊ ဗီယင်နာ ယာဉ်သွားလာမှုဆိုင်ရာ ကုလသမဂ္ဂညီလာခံအပြီး သတ်မှတ်အတည်ပြုဆောင်ရွက်ချက်အရလည်းကောင်း၊ ၁၉၈၉ခုနှစ် မော်တော်ယာဉ်နည်းဥပဒေများပါလမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများအရလည်းကောင်း လိုအပ်သည့်နေရာများတွင် လမ်းညွှန်လမ်းအမှတ်အသားများကို အောက်ဖော်ပြပါ အမျိုးအစားများအရ သတ်မှတ်ပေးထားကြောင်းသိရပါသည်။

(၁) အမိန့်ပေးခြင်းလမ်းညွှန်များ။ (၈)မျိုး
(၂) တားမြစ်ခြင်းနှင့် ကန့်သတ်ခြင်းလမ်းညွှန်များ။ (၂၄)မျိုး
(၃) အန္တရာယ်သတိပေးလမ်းညွှန်များ။ (၃၆)မျိုး
(ပုံနှင့်တကွဖော်ပြထားပါသည်။)

အမိန့်ပေး လမ်းညွှန်(၈)မျိုး



တားမြစ်ခြင်းနှင့်ကန့်သတ်ခြင်း လမ်းညွှန်(၂၄)မျိုး







အန္တရာယ်သတိပေး လမ်းညွှန်(၃၆)မျိုး









ရန်သူမီးဘေး တားဆီးရေး
မနှေးဆောင်ရွက်ကြ

မီးကြွင်းမီးကျန် မထားရန် ကျင့်ကြံသတိ အမြဲရှိ



စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့ သီရိမင်္ဂလာခုံးကျော်တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။

(ဆောက်လုပ်ရေး)

✧ **ကျောဖုံးမှ**

ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်သူလူထုသို့ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါဖြစ်ပွားသူများအား ထိရောက်သော ကုသမှုများပေးခြင်းနှင့် ရောဂါပြန့်ပွားမှုမရှိစေရန် ထိန်းချုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**ဆောင်ရွက်လျက်ရှိ**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဘော်ဒါဆောင်၌ ဖြစ်ပွားခဲ့သောဖြစ်စဉ်တွင် နောက်ထပ်လူနာ နှစ်ဦး ဆေးရုံတက်ရောက်သဖြင့် ဆေးရုံတက်လူနာစုစုပေါင်း ၄၉ ဦး ရှိသွားပြီဖြစ်ကြောင်း၊ ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**စောင့်ကြပ်ကြည့်ရှု**

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်၌ နောက်ထပ်ပိုးတွေ့လူနာနှစ်ဦး ထပ်မံတွေ့ရှိကြောင်းနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အတွင်းရှိ ဘာသာရေးဆိုင်ရာ ကျောင်းတစ်ခု၌ ပိုးတွေ့လူနာနှစ်ဦး တွေ့ရှိသဖြင့် ဆေးရုံတင်ကုသပေးလျက်ရှိ ကြောင်း၊ အဆိုပါဘာသာရေးဆိုင်ရာကျောင်း၌ နေထိုင်သူ ၁၉၇ ဦးတို့အားလည်း သီးခြားခွဲခြားထားရှိကာ စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်း သိရှိရသည်။

**နှိုးဆော်ထား**

ပြည်သူလူထုအနေဖြင့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါကာကွယ်ရေး သတိပေးနှိုးဆော်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်နှင့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် သီရိမင်္ဂလာခုံးကျော်တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

(ဆောက်လုပ်ရေး)



☆ **မန္တလေးမှ**

ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက အဖွင့်အမှာစကားပြောကြားရာ၌ သီရိမင်္ဂလာခုံးကျော်တံတားကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် စတင်တည်ဆောက်ခဲ့ကြောင်း၊ ဤခုံးကျော်တံတားတည်ဆောက်နိုင်ခြင်းကြောင့် မန္တလေး-ရွှေဘို- မြစ်ကြီးနားရထားလမ်း၌ နေ့စဉ်ပြေးဆွဲနေသော အစုန်/ အဆန်ရထားအစင်းပေါင်း ၃၀နှင့် မန္တလေး- ရွှေဘို-မြစ်ကြီးနားသွား မော်တော်ယာဉ်များ၊ မန္တလေး- မုံရွာ- ဂန့်ဂေါ- ကလေးသွား မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်း လုံခြုံချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း၊ ထို့အတူ ဒေသခံပြည်သူများအနေဖြင့်လည်း ခုံးကျော်တံတားကြီးကို ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် အသုံးပြုနိုင်ပြီဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းအတွင်းတွင် ပုသိမ်နှင့် မုံရွာလမ်းပေါ်ရှိ ယမားချောင်းတံတား၊ ကလေး-ကျီကုန်းလမ်းပေါ်ရှိ ဖောင်ကူးတံတား၊ တမူး-စေတီလမ်းပေါ်ရှိ တမူးတံတားကြီးများကိုလည်း ဆက်လက် တည်ဆောက်ပေးလျက်ရှိကြောင်း။

**မြင့်မားလာ**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ဧရာဝတီမြစ်ကူးတံတား (စဉ့်ကူး-ကျောက်မြောင်း)ကို တည်ဆောက်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဤကဲ့သို့ လမ်းတံတားများ တည်ဆောက်ပေးမှုကြောင့် ဆက်သွယ်သွားလာမှုများ လွယ်ကူချောမွေ့လာသည်သာမက ဒေသတွင်းနှင့် နိုင်ငံတစ်ဝန်းမှ ကုန်စည်များ လျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်ခြင်း၊ နယ်စပ်ဒေသမှတစ်ဆင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ပိုမိုပြုလုပ်လာနိုင်ခြင်းများကြောင့် ပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်လည်း မြင့်မားလာသည်ကို လက်တွေ့ခံစားသိရှိနေကြရပြီဖြစ်ကြောင်း။

ယနေ့ ဖွင့်လှစ်လိုက်သည့် သီရိမင်္ဂလာခုံးကျော်တံတား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ရတနာပုံတံတားကြီးကို ဖြတ်သန်းပြီး သီရိမင်္ဂလာခုံးကျော်တံတားမှတစ်ဆင့် ဇေယျာရွှေမြေ စစ်ကိုင်းတိုင်းသို့ ဝင်ထွက်သွားလာကြမည့် ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရန် စီမံဆောင်ရွက်ပေးသည့် နိုင်ငံတော်အစိုးရနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့အား အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီးက တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် အခြေခံအဆောက်အအုံများသည် ကဏ္ဍတစ်ရပ်ဖွံ့ဖြိုးတိုးတက်မှုအတွက်သာ ဆောင်ရွက်နေခြင်းမျိုး မဟုတ်ဘဲ ရေရှည်တွင် တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ဘက်စုံကဏ္ဍစုံ၌ ဟန်ချက်ညီညီ တစ်ပြိုင်တည်း တိုးတက်လာစေရန် ဆောင်ရွက်ပေးနေခြင်းဖြစ်သည့်အတွက် လုပ်ငန်းပမာဏနှင့် ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် ကြီးမားကျယ်ပြန့်သည်ကို အားလုံးအသိပင် ဖြစ်ကြောင်း။

ငွေလုံးငွေရင်းများစွာဖြင့် ကွန်ရက်သဖွယ် တည်ဆောက်ပေးခဲ့သည့်လမ်းများ၊ တံတားများကြောင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ သိသိသာသာ တိုးတက်ပြောင်းလဲလာသကဲ့သို့ တိုင်းရင်းသားညီအစ်ကို မောင်နှမများကြားတွင်လည်း စည်းလုံးညီညွတ်မှုကို ခိုင်ခိုင်မာမာ တည်ဆောက်လာနိုင်ပြီ ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ၏ အရှေ့နှင့် အနောက်၊ တောင်နှင့်မြောက် အစိတ်အပိုင်းအားလုံး ဆက်သွယ်သွားလာနိုင်ရန် ကားလမ်းများ၊ ရထားလမ်းများ၊ တံတားများကို တိုးချဲ့တည်ဆောက်ဖောက်လုပ်ပေးလျက်ရှိကြောင်း။

**ဝိုင်းဝန်းထိန်းသိမ်း**

သီရိမင်္ဂလာခုံးကျော်တံတားသည် နိုင်ငံတော်၏ အကျိုးစီးပွားနှင့်ဆက်စပ်ပြီး ဒေသ၏ အကျိုးစီးပွားကိုလည်း တိုးတက်ဖြစ်ထွန်းစေမှာဖြစ်သည့်အတွက် ပြည်သူ့အကျိုးပြု၊ ဒေသအကျိုးပြု၊ နိုင်ငံအကျိုးပြု ဤတံတားကြီး ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် တံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် မင်္ဂလာအချိန်တွင် ဝန်ကြီးနှင့်တာဝန်ရှိသူတို့က သီရိမင်္ဂလာခုံးကျော်တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဖွင့်ပွဲမှတ်တိုင်ရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တိုင်းမှူးက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကာ ဝန်ကြီးနှင့်အဖွဲ့ဝင်များနှင့်အတူ တံတားကို ဖြတ်သန်းကြည့်ရှု၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သီရိမင်္ဂလာခုံးကျော်တံတားကို သံကူကွန်ကရစ် အုတ်မြစ်၊ သံကူကွန်ကရစ် ကြမ်းခင်းနှင့် ရက်မတို့ဖြင့် တည်ဆောက်ထားပြီး တံတားအရှည်မှာ ၄၈၅ပေ ရှိသည်။

ယာဉ်သွားလမ်းအကျယ် ၄၈ ပေရှိ လေးလမ်းသွားကားလမ်းနှင့် တစ်ဖက်လေးပေစီအကျယ်ရှိ လူသွားလမ်းတို့ပါရှိကာ ရထားလမ်းကင်းလွတ်အကျယ် ၅၂ ပေ၊ အမြင့် ၁၇ပေရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

**တည်ဆောက်ဖွင့်လှစ်**

သီရိမင်္ဂလာခုံးကျော်တံတားသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ နှင့်အထက် ၂၃၆ စင်းမြောက်တံတားဖြစ်ပြီး စစ်ကိုင်းတိုင်းအနေဖြင့် ၁၇ စင်းမြောက် တည်ဆောက်ဖွင့်လှစ်နိုင်သည့် တံတားဖြစ်သည်။

ဧရာဝတီမြစ်ကူး ရတနာပုံတံတားကြီး၏ စစ်ကိုင်းဘက်ခြမ်း ချဉ်းကပ်လမ်းသည် မန္တလေး-စစ်ကိုင်း-ရွှေဘို-မြစ်ကြီးနား ကားလမ်းအဖြစ်နှင့် တံတားထိပ်မှ နှစ်မိုင်ခန့်အကွာတွင် မန္တလေး-စစ်ကိုင်း-ရွှေဘို-မြစ်ကြီးနား ရထားလမ်းသို့ လာရောက်တွေ့ဆုံသည့်အတွက် ယခင်က ရတနာပုံတံတားကြီးမှ ဆင်းလာသည့်ယာဉ်များသည် ရထားဖြတ်သန်းစဉ် စောင့်ဆိုင်းနေရကာ သွားလာမှုတွင် အချိန်ကြန့်ကြာနှောင့်နှေးခဲ့ရသည်။

ယခုကဲ့သို့ သီရိမင်္ဂလာခုံးကျော်တံတားတည်ဆောက်ပေးခဲ့သည့်အတွက် ရတနာပုံတံတားကြီးပေါ်မှ ဆင်းလာသည့် ယာဉ်များသည် ရထားဖြတ်သန်းနေစဉ် စောင့်ဆိုင်းစရာမလိုတော့ဘဲ ယခုဖွင့်လှစ်သည့် ခုံးကျော်တံတားပေါ်မှ မုံရွာသို့လည်းကောင်း၊ ပခုက္ကူသို့လည်းကောင်း၊ ရွှေဘိုမှတစ်ဆင့် မြစ်ကြီးနားသို့လည်းကောင်း အချိန်ကုန်သက်သာစွာဖြင့် အန္တရာယ်ကင်းကင်းရှင်းရှင်း သွားလာနိုင်မည်ဖြစ်ပြီး လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့မည်ဖြစ်သကဲ့သို့ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့အတွက်လည်း ခံ့ညားထည်ဝါပြီး ပန်းရဂုဏ်တင့်တယ်စွာ တည်ရှိမည့် တံတားတစ်စင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကျေးရွာစာကြည့်တိုက်များ စံ(၅)ရပ်နှင့်အညီဖြစ်ပေါ်ရေး ပြည်မြို့၌ စာအုပ်စာစောင်များလှူဒါန်း

ပြည် ဖေဖော်ဝါရီ ၈

ပဲခူးတိုင်း (အနောက်ပိုင်း)ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော စံ(၅)ရပ်နှင့်အညီ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖြစ်ပေါ်ရေးအတွက် ပြည်မြို့ လက်သမားလမ်း အမှတ်(၉၁)နေ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဦးရွှေဝင်းနှင့်ညီမျာက ငွေကျပ်သုံးသိန်းတန်ဖိုးရှိ သုတရသစာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ ၅၅၅အုပ် လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀ နာရီက ပြည်မြို့ ရွှေဘုန်းပွင့်ဘုရားကြီး ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်၌ ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်အောင်ညွှန့် တက်ရောက်လက်ခံယူကာ ကျေးဇူးတင်စကား ပြောကြား၍ ဂုဏ်ပြုလက်မှတ်ပေးအပ်ကြောင်း သိရသည်။

(ပြန်/ဆက်)

**မီးသုံးစွဲလျှင်အသိယှဉ် အစဉ်သတိ အမြဲရှိ**

**မင်္ဂလာဒုံမြို့နယ်၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မြို့နယ်ဘက်စုံ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၆ ရက်က အထက(၁) မင်္ဂလာဒုံ၌ ကျင်းပရာ ဘက်စုံပညာရေး လုပ်ငန်းများအတွက် အလှူငွေကျပ် ၅၇၀၀၀၀ ကို ဦးစိုးမြင့်-ဒေါ်ခင်လေးရီ (နယူးရွှေစင်စိန်ရွှေရတနာဆိုင် မိသားစု၊ မင်္ဂလာဒုံ) က လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးအောင်စိုး လက်ခံယူစဉ်။**

(ပညာရေး)



# ဆက်သွယ်မှုစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

**အစိုးရဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၏ Online ဆက်သွယ်မှုစနစ်တွင် သက်သေခံလက်မှတ် အသုံးပြုခြင်းဆိုင်ရာ အချက်အလက်များနှင့် FTTH လုပ်ငန်းဆိုင်ရာများ သရုပ်ပြရှင်းလင်းခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**





အလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်း၊ အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေး ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်၊ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင့်လွင်က အကောင်အထည်ဖော်ဆောင်ရွက်မည့် နည်းပညာဆိုင်ရာများကိုလည်းကောင်း၊ မြန်မာအင်ဖိုတက် ကော်ပိုရေးရှင်းလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဇော်မြင့်က Root CA နှင့် စပ်လျဉ်း၍လည်းကောင်း၊ ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်မှ (Certification Authority -CA) တာဝန်ခံ ဒေါ်နီလာအေးက CA နှင့် စပ်လျဉ်း၍လည်းကောင်း၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန အင်ဂျင်နီယာချုပ် ဦးဇော်မင်းဦးက Yatanarpon Web Portal နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်မှ (FTTH) ဝန်ဆောင်မှု တာဝန်ခံ ဦးမြင့်ဦးက Fiber to the Home System နှင့် စပ်လျဉ်း၍လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသူများက CA၊ Web Portal နှင့် FTTH လုပ်ငန်းများနှင့် စပ်လျဉ်း၍ သရုပ်ပြရှင်းလင်းမှုများကို ကြည့်ရှုလေ့လာကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

**အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် အစိုးရဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၏ Online ဆက်သွယ်မှုစနစ်တွင် သက်သေခံလက်မှတ် အသုံးပြုခြင်းဆိုင်ရာ အချက်အလက်များနှင့် FTTH လုပ်ငန်းဆိုင်ရာများ သရုပ်ပြရှင်းလင်းခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

# ဆရာဝန်တင်ရွှေ အငှမအကြိမ် စာပေဆုရ စာအုပ်များ ထုတ်ပြန်ကြေညာ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ကူညီကြီးကြပ်မှုဖြင့် စာရေးဆရာကြီး ဆရာဝန်တင်ရွှေ အထိမ်းအမှတ် စာပေဆုများကို ၂၀၀၁ ခုနှစ်ထုတ်စာအုပ်များမှစ၍ ရွေးချယ်ချီးမြှင့်ခဲ့ရာ ယခု အငှမအကြိမ်အဖြစ် ၂၀၀၈ ခုနှစ်ထုတ် စာအုပ်များထဲမှ ရွေးချယ်၍ရရှိသော ဆုရစာအုပ်လေးအုပ်ကို ဆုချီးမြှင့်မည်ဖြစ်ပါသည်။ ဆရာဝန်တင်ရွှေသည် "တင်ရွှေစာပေတိုက်" ကို ထူထောင်ခဲ့ပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဗဟိုအမှုဆောင်တစ်ဦးအဖြစ်လည်း ကွယ်လွန်ချိန်အထိ ဆောင်ရွက်ခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံအတွင်း ထုတ်ဝေသော ၂၀၀၈ ခုနှစ်အတွင်းထုတ် စာအုပ်များအနက်မှ ဆရာဝန်တင်ရွှေစာပေဆု ရွေးချယ်ရေးကော်မတီမှ ဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များမှာ **ဆရာမောင်ဆုရှင်** ဘာသာပြန်ဆိုရေးသားပြီး ထွန်းဖောင်ဒေးရှင်းမှ ထုတ်ဝေသည့် **"အိမ်တွင်းသမားတော်"** စာအုပ်၊ **ဆရာချစ်ဦးညို** ရေးသားပြီး ပုဂံစာအုပ်တိုက်မှထုတ်ဝေသည့် **"စာပေဟောပြောပွဲဘက်ဂရောင်း (ဦး) အောင်သင်း ပရိဖိုင်းနှင့် အခြားဂျာနယ်ဆောင်းပါးများ"** စာအုပ်နှင့် **ဆရာဒေါက်တာအောင်ကြီး** ရေးသားပြီး ချိုတေးသံစာပေမှ ထုတ်ဝေသည့် **"သီချင်းလူ၊ ပုံပြင်လူ၊ ငြိမ်းချမ်းလူ"** စာအုပ်၊ **ဆရာမောင်ရင့်မာ(ကျောင်းကုန်း)** ရေးသားပြီး အလင်းသစ်စာပေမှ ထုတ်ဝေသည့် **"မောင်ငယ်ငယ်က ခရေဦးနှင့် ရသစာတမ်းများ"** စာအုပ်တို့ ဖြစ်ကြသည်။ ဆုရွေးချယ်ကြောင်း အကြောင်းကြားသည့်စာကို ဆုရစာအုပ်ရေးသူများထံ "တင်ရွှေစာပေ"က ဆက်လက်အကြောင်းကြားစာ ပေးပို့မည်ဖြစ်ပြီး တင်ရွှေစာပေသို့ ဆက်သွယ်ရန် ဖုန်း-၀၁-၅၃၆၄၄၄၊ ၀၉-၅၁၁၇၆၈၃ တို့ဖြစ်သည်။

အငှမအကြိမ် ဆရာဝန်တင်ရွှေစာပေဆုပေးပွဲ ကျင်းပမည့်နေ့ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ သင်တန်းကျောင်းများ ပညာ/ လေ့ကျင့် ညွှန်ကြားရေးမှူး ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်သည် ဇန်နဝါရီ ၁၅ ရက်မှ ၂၁ ရက်အထိ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ကျိုင်းတုံ၊ လွယ်မွေ့)၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း(ကျိုင်းတုံ)နှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်း (မိုင်းလား) တို့သို့ သွားရောက်၍ သင်တန်းကျောင်းများ၏ အုပ်ချုပ်မှုကိစ္စရပ်များ၊ ကျောင်းသား၊ ကျောင်းသူများ၏ ပညာရည် တိုးတက်မှု၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ အိပ်ဆောင် ခင်းကျင်းမှု၊ စားရိပ်သာ ချက်ပြုတ်ကျွေးမွေးမှု၊ ကျောင်းများအလိုက် ရာသီသီးနှံစိုက်ခင်း၊ နှစ်ရှည်သီးနှံစိုက်ပျိုးထားရှိမှု၊ သင်တန်းသား၊ သင်တန်းသူများအား လက်တွေ့သင်ကြားပြသ လုပ်ဆောင်မှုများနှင့် ကျိုင်းတုံ အိမ်တွင်းမှုသင်တန်းကျောင်းမှ အဆင့်မြင့်စက်ချုပ် သင်တန်းအမှတ်စဉ် (၂၅) နှင့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၅၃)တို့၌ တက်ရောက်သင်ကြားနေကြသော သင်တန်းသူများ၏ လက်တွေ့ချုပ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၃၄) ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါမဂ္ဂဇင်းတွင် မင်းယုဝေ၊ နောင်၊ ပျဉ်းမနားမြင့်လှိုင်၊ မြင်းမူမောင်နိုင်မိုး၊ သူရဇော်၊ သိပ္ပံစိုးမြင့်နိုင်၊ ဖိုးရန်နိုင် (ကျောက်ကြီး)၊ သတိုးနွယ်တို့၏ ကဗျာများ၊ စောမုံညင်း၊ မောင်ပညာကျော်၊ တက္ကသိုလ်မြတ်သူ၊ ကေတုနီလာ၊ တက္ကသိုလ်တင်ခ၊ စိုးထက်ကျော်၊ ကျော်ဇင် (စာနယ်ဇင်း)၊ အောင်စိုး(တိ/ကု အမျိုးသားစာပေဆုရ)၊ သန်းထွန်း(စကု)၊ ဒေါက်တာလှမောင် (စီးပွားရေး)၊ ခင်သစ္စာကျော်(မဟာဝိဇ္ဇာ)၊ နေဝင်းသန်း (ရွှေဘို)၊ ကိုပြည့်(မြေလတ်)၊ ဆင်ဖြူကျွန်း မြင့်သိန်း၊ နော်လီကို(မကွေး)၊ စိုင်းခမ်းကော်(မိုင်းရယ်)၊ စံမြင့် (ပြန်/ဆက်)တို့၏ သုတဆောင်းပါးများ၊ လေးဝတီကျော်၏ ဘာသာပြန်ဆောင်းပါးများ၊ စန်းနီလာဝင်း၏ ကမ္ဘာ့ဂန္ထဝင် ရသဝတ္ထုတိုကဏ္ဍ၊ သိပ္ပံမောင်ဝ၏ ဂန္ထဝင်စာပေကဏ္ဍ၊ မောင်စိုးနွေ(သုံးဆယ်)၊ ပုဂံမွေးကြည်၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ အောင်ရန်နိုင် (B.Sc)၊ စိုးအိမ်မှူး၊ လဝန်းခင်၊ ခတ်ပုံမောင်မောင်၊ ညွှန့်သစ်ဝေ(ဇေယျာ)၊ လူဘုန်းဦးတို့၏ ရသဝတ္ထုတိုများ၊ နန္ဒာမိုးကြယ်၏ ဗုဒ္ဓဝင်ကဏ္ဍ၊ မောင်မောင်စန်း (ရန်ကုန်တက္ကသိုလ်)၊ လေလှိုင်း၊ တက္ကသိုလ်လှကြွယ်တို့၏ အင်္ဂလိပ်ဆောင်းပါးကဏ္ဍ၊ မြေဇာ၊ ငွေကြည်၊ သစ်ထွဏ်း၊ တင်အောင်နီတို့၏ ကာတွန်းကဏ္ဍ၊ မောင်မီဒီယာနှင့် ကိုရွှေတောသား၊ ကေကေတို့၏ ဟာသကဏ္ဍများ စုံလင်စွာဖော်ပြပါရှိသည်။

စာမူများ၊ ကြော်ငြာများ ထည့်သွင်းလိုပါက စာတည်းမှူးချုပ်၊ မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း၊ အမှတ်(၄၅၅/၄၅၇) တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ပေးပို့နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# တနင်္သာရီမြို့နယ် တကူ(သံတိုက်) ကျေးရွာ ပညာအလင်း စာကြည့်တိုက်ဖွင့်

**မြိတ် ဖေဖော်ဝါရီ ၁၃**

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြိတ်ခရိုင် တနင်္သာရီမြို့နယ် တကူ(သံတိုက်) ကျေးရွာတွင် ပညာအလင်းစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဘိုဘိုမင်းသိုက်၊ အလှူရှင် ဗိုလ်ကြီး စိုးမင်းမောင်၏ဖခင် ဦးအောင်သင်းမောင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်အေးတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(အောက်ပုံ)**

ဆက်လက်ပြီး လှူဒါန်းပွဲ အစီအစဉ်ကို ကျင်းပရာ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေနှင့် အဖွဲ့ဝင်များက စာကြည့်တိုက်စာအုပ်များကိုလည်းကောင်း၊ တနင်္သာရီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ၂၁ လက်မရုပ်မြင်သံကြား ပြစက်ကိုလည်းကောင်း လှူဒါန်းပြီး အခြားအလှူရှင်များက စာကြည့်တိုက်နှင့်ပတ်သက်၍ ဆက်လက်လှူဒါန်းကြကြောင်း သိရသည်။

(ကြေးမုံ)







# ရန်ကုန်စီးပွားရေးတက္ကသိုလ် MBA သင်တန်းသားများ ဒဂုံအချိုရည်နှင့် ရေခဲစက်ရုံ ကွင်းဆင်းလေ့လာ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ရန်ကုန် စီးပွားရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ ဦးဆောင်၍ MBA သင်တန်းသားများသည် စက်ရုံများ ကွင်းဆင်းလေ့လာရေး အစီအစဉ်အရ စမ်းချောင်းမြို့နယ်၊ ဦးဝိစာရလမ်းရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ ဒဂုံအချိုရည်နှင့် ရေခဲစက်ရုံသို့ သွားရောက် လေ့လာကြသည်။

လေ့လာရေးကျောင်းသား၊ ကျောင်းသူများအား ဒဂုံအချိုရည်နှင့် ရေခဲစက်ရုံ၊ စက်ရုံမှူး ဦးကျော်ထွန်းက စက်ရုံတည်ထောင်မှုသမိုင်းနှင့် စက်ရုံမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများအကြောင်း ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

(ကြေးမုံ)

**အမက(၁) ဗဟန်း ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ဘက်စုံပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ အတန်းပိုင်ဆရာမ ဒေါ်နွဲ့နွဲ့အေးက ပထမတန်း၌ ပထမဆုရရှိသော မောင်ဘုန်းမိုးအား ဆုချီးမြှင့်စဉ်။**

(ပညာရေး)



**ပီးကိုသတိ မြဲထားရှိ စောင့်ကြည့်နေပါ သင့်ဝန်တာ**




**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ဖတ်ကြားစဉ်။** (သတင်းစဉ်)

# ရန်ကုန်တိုင်း (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ရန်ကုန်တိုင်း (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ အခမ်းအနားကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ တိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့်အတူ ပြည်သူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို တိုင်းမှူးကဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား လောက်ကိုင်မြို့၌ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

**(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ခရိုင် လောက်ကိုင်မြို့ အမှတ်(၁)ရပ်ကွက် တုံချိန်ဟိုတယ်ဇုန်ဝင်းအတွင်း၌ ကျင်းပသည်။**



အခမ်းအနားသို့ လောက်ကိုင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့် တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ ခရိုင်နှင့် မြို့နယ်ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ ကိုးကန့်ဒေသယာယီဦးစီးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဒေသခံတိုင်းရင်းသားများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံမှ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို လောက်ကိုင်ခရိုင်ဥက္ကဋ္ဌဦးခိုင်ထွန်းဦးက ဖတ်ကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံမှ ပေးပို့သော (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို လောက်ကိုင်ခရိုင်ဥက္ကဋ္ဌက ဖတ်ကြားစဉ်။** (သတင်းစဉ်)

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆) အမှတ်(၇)ထွက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆) အမှတ်(၇)၌ ပြည်တွင်းတွင် A(H1N1) ဖြစ်ပွားမှုရှိလာသော်လည်း ပြည်သူများ ကျန်းမာရေးအသိနှင့် သတိထားမှု အားနည်းနေသည်ကိုတွေ့ရ၊ တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်လက်မှတ်ပါမှသာ ကြက်၊ ဘဲများ ရန်ကုန်တိုင်းအတွင်း ဝင်ခွင့်ရရှိနိုင်၊ ရှောပင်းစင်တာကြီးများဆောက်လုပ်ပါက အဆင့်မြင့်ရုပ်ရှင်ရုံများ ထည့်သွင်းတည်ဆောက်ရမည်။ အတိတ်၏အရိပ် ရုပ်ရှင်ကားကို ဆွစ်ဇာလန်နိုင်ငံ၌ ရုံတင်ပြသမည်။ မြန်မာတစ်နိုင်ငံလုံးကို တစ်နေရာတည်းတွင် လေ့လာနိုင်သည့် နိုင်ငံတကာအဆင့် အမျိုးသား အထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ဖွင့်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုရန် ပြင်ဆင်နေသူများ ပတ်ဝန်းကျင်မှ အနှောင့်အယှက်ပြုပါက တိုင်ကြားနိုင် စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ စစ်ကိုင်းရွှေမင်းဝံပေါ်တော်မူဘုရားမှ ညောင်ရမ်းခေတ်ယဉ်ကျေးမှုလက်ရာ မွန်များ Myanmar DISCOVERY ဝါရင့်နိုင်ငံရေးသမားကြီးသခင်ချန်ထွန်း၏ ရွေးကောက်ပွဲ အတွေ့အကြုံ 'ကျွန်ုပ်တို့၏ ရန်ကုန်' မေတ္တာမိုးကွက်ကျားမရှာပါနှင့် မူကြိုကျောင်းပညာရေး၊ ဖြစ်ပွားနေသော လူကုန်ကူးမှုပုံစံများ၊ တစ်ဖက်သား ကိုယ့်ဘက်ပါအောင် ဆွဲဆောင်နည်းကဲ့သို့သော ဖတ်စရာ မှတ်စရာဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ဆရာမောင်စူးစမ်း၏ ဘဏ်ကြီးတွေ ပိုကြီးလာပြီ၊ တရုတ်၏ ကြီးပွားတိုးတက်မှုပုံစံက အာဖရိကအား ဆွဲဆောင်မှုပြုစေမည်လား၊ အာဆီယံအား ဆယ်စုနှစ်တစ်ခုခန့် စီးပွားရေးတိုးတက်မှု နှေးကွေးစေသော နစ်နာမှုကိုဖြစ်ပေါ်စေနိုင်၊ အာဖဂန်တွင် တိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားလာဖွယ်ရှိကြောင်း နေတိုးရှုမြင်၊ အယ်လ်ခိုင်ဒါတို့ အမေရိကန်အား အကြမ်းဖက်တိုက်ခိုက်မှုပြုရန် အသင့်အနေအထားတွင်ရှိ၊ အင်တာနက်သုံးခြင်းနှင့် စိတ်ဓာတ်ကျခြင်း ဆက်စပ်မှုရှိ၊ ကနေဒါအစိုးရက အာတိတ်ဒေသရှိ ခိုက်ခိုက်တုန်အောင် အေးသောမြို့တွင် ဂျီ-၇ အစည်းအဝေးကျင်းပရန်စီစဉ် စသည့် နိုင်ငံတကာထူးထူးဆန်းဆန်း သတင်းများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး ကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

## JAVA ကို စနစ်တကျလေ့လာ၍ ကျွမ်းကျင်စွာ အသုံးချလိုသူများအတွက် သင်တန်းဖွင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ကွန်ပျူတာနည်းပညာကို လေ့လာနေသူများနှင့် ပြည်တွင်းပြည်ပတွင် အောင်မြင်သော Programmer တစ်ယောက်အဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် အထူးအကျိုးရှိစေမည့် "Software Solution with JAVA" သင်တန်းကို Gusto ကွန်ပျူတာနည်းပညာသင်တန်းကျောင်းက ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

JAVA Programming Language သည် Software Industry ၌ အသုံးများရုံသာမက နိုင်ငံတကာရှိ တက္ကသိုလ်များတွင်လည်း အဓိကဘာသာရပ်တစ်ခုအဖြစ် သင်ကြားပေးလျက်ရှိသည်။ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ၊ ကွန်ပျူတာနည်းပညာကို လေ့လာနေသူများနှင့် နိုင်ငံခြားသွားကျောင်းတက်ရန် ရည်ရွယ်နေသူများအတွက် အထူးအကျိုးရှိစေမည့် သင်တန်းဖြစ်သည်။ ယင်းသင်တန်းတွင် JAVA ၏ အဓိကကျသော Core Programming Techniques များသာမက JAVA ၏ Advanced Language Features များဖြစ်သော Generics, Annotations, Threading Collection အစရှိသည်တို့ကို လေ့လာရမည်ဖြစ်သည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကာ တစ်ပတ်လျှင် နှစ်ရက် တက်ရောက်သင်ကြားရမည်ဖြစ်သည်။ သင်တန်းသားဦးရေ ၁၅ ဦးသာ ကန့်သတ်ထားရာ တက်ရောက်လိုသူများအနေဖြင့် ဖေဖော်ဝါရီ ၂၀ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြသည်။

စိတ်ပါဝင်စားသူများသည် Gusto ကွန်ပျူတာနည်းပညာသင်တန်းကျောင်း၊ အမှတ်(၂၆) (၁၄)လမ်း(အောက်ဘက်) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၂၂၀၅၂ နှင့် ၂၂၄၄၉၆ တို့သို့ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



**ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးဆောင်ရွက်ထားရှိမှုအား စစ်ကိုင်းတိုင်း စည်ပင်သာယာရေးဖွဲ့ ညွှန်ကြားရေးမှူး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းထွန်း ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၄-၂-၂၀၁၀ (တနင်္ဂနွေနေ့)**

AM & PM

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ် |
| ၅း၁၅ | MRTV-4 သတင်း |
| ၆း၀၀ | "ပုဂ္ဂိုလ်မြတ်တို့၏ နှလုံးအိမ်" တရားတော် (ဒေါက်တာ နန္ဒမာလာဘိဝံသ) |
| ၇း၀၀ | MRTV-4 သတင်း |
| ၇း၄၅ | ဗီဒီယိုပြခန်း |
| ၈း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ" (အပိုင်း-၂၁)** |
| ၈း၃၀ | Sports World (Sunday Special) |
| ၈း၅၅ | Aureum Palace Resort (Ngwe Saung) |
| ၉း၃၀ | Sunday Talk [ကိုကို(စက်မှုတက္ကသိုလ်) မျိုးမြတ်သူ] |
| ၁၀း၂၀ | အနုပညာရပ်ဝန်းမှရင်ခုန်သံများ "အမုန်းသမိုင်း" |
| ၁၀း၅၅ | ခေတ်ပြိုင်ဂီတမှတ်တိုင်များ(ဝေမိုး) |
| ၁၁း၃၅ | အမျိုးသားများနှင့် ပတ်သက်သော အကြော၊ အဆစ်ရောဂါအကြောင်း သိကောင်းစရာ (အပိုင်း-၂) (ဒေါက်တာပန်ဒိုရာ အောင်ကြီး၊ နေတိုး၊ ထွန်းထွန်း၊ မိုးမိုး၊ ကျော်ကျော်ဗို) |
| ၁၁း၅၅ | ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ |
| ၁၂း၄၀ | ကျန်းမာလှပသွယ်လျဖို့ SMART GIRL ကိုသွားကြစို့ |
| ၁း၀၀ | "ပုဂ္ဂိုလ်မြတ်တို့၏ နှလုံးအိမ်" တရားတော် (ဒေါက်တာ နန္ဒမာလာဘိဝံသ) |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၅၀ | စကားနပန်း(ယောကျ်ားလေးတွေနဲ့ အရောဝင်တာကောင်းတယ်၊ အရောမဝင်တာကောင်းတယ်) |
| ၃း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ" (အပိုင်း-၂၁)** |
| ၄း၁၀ | ကျန်းမာလှပသွယ်လျဖို့ SMART GIRL ကိုသွားကြစို့ |
| ၄း၃၅ | Aureum Palace Resort (Ngwe Saung) |
| ၅း၁၀ | အမျိုးသားများနှင့် ပတ်သက်သော အကြော၊ အဆစ်ရောဂါအကြောင်း သိကောင်းစရာ (အပိုင်း-၂) (ဒေါက်တာပန်ဒိုရာ အောင်ကြီး၊ နေတိုး၊ ထွန်းထွန်း၊ မိုးမိုး၊ ကျော်ကျော်ဗို) |
| ၅း၃၀ | MRTV-4 ကာတွန်းအစီအစဉ် |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၂၀ | Vancouver 2010 Olympic Winter Games |
| ၇း၁၅ | FMF Selection |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၃၅ | စကားနပန်း(ယောကျ်ားလေးတွေနဲ့ အရောဝင်တာကောင်းတယ်၊ အရောမဝင်တာကောင်းတယ်) |
| ၉း၂၀ | ဗီဒီယိုပြခန်း |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ" (အပိုင်း-၂၁)** |
| ၁၀း၀၅ | FA Cup Preview |
| ၁၀း၂၀ | FA Cup (Crystal Palace Vs Aston Villa) |
| ၁၂း၂၀ | ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ |
| ၁၂း၅၅ | အဏုဇီဝတွင်းထွက်ရတနာ |
| ၁း၀၀ | အစီအစဉ်ပြီး။ |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**FA Cup ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇း၃၀ | Bolton - Tottenham | STAR SPORTS (Live) |
| ၉း၂၅ | Fulham - Notts Country | ESPN(Live) |
| ၁၀း၂၀ | Crystal Palace - Aston Villa | STAR SPORTS(Live) |

*ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။



**ဒလမြို့နယ် အမှတ်(၁၄)သစ်စက်တွင် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြခြင်းကို ဇန်နဝါရီ ၂၈ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနနှင့် အမှတ်(၁၄) သစ်စက်ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြရာ စက်ရုံမန်နေဂျာ ဦးမောင်မောင်ဌေးနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (ကြေးမုံ)

# KNU ဘယ်လဲ

စောဖိုးစီ

KNU ဘာလဲမေးခွန်းကို အဖြေထုတ်ပြီးတဲ့နောက်မှာ KNU ဘယ်လဲ ဆိုတဲ့မေးခွန်းကို မေးလာကြပြန်ပါတယ်။

ဘယ်လဲဆိုတဲ့မေးခွန်းကို ဖြေနိုင်ဖို့ ယခုလက်ရှိ ဘယ်နေရာမှာ ရောက်နေသလဲဆိုတာ မှန်မှန်ကန်ကန် သိမြင်ဖို့လိုပါတယ်။ ပြီးတော့မှ လက်ရှိ ဘယ်ကိုဦးတည်နေသလဲဆိုတာ အဖြေထုတ်ရပါလိမ့်မယ်။ ဒီလို အဖြေထုတ်နိုင်ဖို့အတွက် ကရင်ပြည်နယ် လွတ်မြောက်ရေးနဲ့ ကရင်လူမျိုးကောင်းစားရေးဆိုတဲ့ မူလကနဦး KNU အဖွဲ့အစည်းရဲ့ ရည်မှန်းချက်ပန်းတိုင်က ဘယ်လောက်ခရီးရောက်သလဲဆိုတာ ပြန်လည်ဆန်းစစ်ကြည့်သင့်ပါတယ်။

လွန်ခဲ့တဲ့ နှစ် ၆၀ ခန့်က အတွေးအခေါ်အယူအဆအရ ကရင်ပြည်နယ် လွတ်မြောက်ရေးဆိုတဲ့ စကားလုံးဟာ ယခုလက်ရှိအချိန်အခါမှာ ဘာအဓိပ္ပာယ်မှ မရှိတော့ပါဘူး။ နယ်ချဲ့ရဲ့သွေးခွဲမှုနဲ့ လူမျိုးရေးအမြင် ကျဉ်းမြောင်းမှုတွေကြောင့် ပြည်နယ်ခွဲထွက်ရေး၊ ပြည်နယ်လွတ်မြောက်ရေးအတွက် လက်နက်စွဲကိုင်ခဲ့တာ ဘယ်လိုမှ အောင်မြင်မှုမရရှိခဲ့ပါဘူး။ လက်နက်ကိုင် အကြမ်းဖက်လမ်းစဉ်ကြောင့် လမ်းကြောင်းမမှန်၊ လုပ်နည်းမှားခဲ့ပြီး ဒေသခံပြည်သူလူထုသာ ဆိုးရွားတဲ့ အနိဋ္ဌာရုံမျိုးစုံ၊ ဒုက္ခမျိုးစုံနဲ့ ကြုံတွေ့ရင်ဆိုင်ခဲ့ရပါတယ်။ ဒီအချက်ကို ဖြတ်သန်းလာခဲ့ပြီးဖြစ်တဲ့ အတွေ့အကြုံများအရ လက်ခံရမှာ ဖြစ်ပါတယ်။ ဒီလိုဆိုးရွားလှတဲ့ အတွေ့အကြုံတွေကြောင့် အမိမြေပြည်ထောင်စုကြီးကနေ လွတ်မြောက်ရေး၊ ခွဲထွက်ရေးဆိုတဲ့ ယူဆချက် အတွေးအခေါ်ဟောင်းကိုလည်း မလွဲမသွေ စွန့်လွှတ်ရမှာ ဖြစ်ပါတယ်။

**ရှေးပဝေသဏီကတည်းက ဒီမြေ၊ ဒီရေမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူတကွ အေးအတူ၊ ပူအမျှ လက်တွဲနေထိုင်ခဲ့ကြပါတယ်။ နောင်ကမ္ဘာတည်နေသရွေ့လည်း လက်တွဲမဖြုတ်စတမ်း ပြည်ထောင်စုကြီးအတွင်းမှာ အတူယှဉ်တွဲနေထိုင်ကြရမှာဖြစ်ပါတယ်။ လက်ရှိပကတိအနေအထားအရ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ ဗမာ စသဖြင့် အမည်နာမတွေ ကွဲပြားပေမယ့် ပြည်ထောင်စုတစ်ဝန်း ဘယ်နေရာ ဘယ်ဒေသမှာမဆို လူမျိုးပေါင်းစုံ အတူလက်တွဲနေထိုင်လျက် ရှိနေကြပါတယ်။ ဒီအတွက်ကြောင့် ဒေသတစ်ခုမှာ လူမျိုးစုတစ်ခုရဲ့ အကျိုးစီးပွားအတွက် သီးခြားအခွင့်အရေး တောင်းဆိုနေတဲ့ လူမျိုးရေး အမြင်ကျဉ်းမြောင်းမှုမျိုးလည်း မထားရှိသင့်တော့ပါဘူး။**

ဒါ့ကြောင့် KNU ရဲ့ ကရင်ပြည်နယ်လွတ်မြောက်ရေး လုပ်ဆောင်ချက်ကို ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ ကရင်လူမျိုးများသာမက တိုင်းရင်းသားပြည်သူအားလုံးက လုံးဝလက်မခံကြတော့ပါဘူး။ KNU ရဲ့ ကရင်ပြည်နယ်လွတ်မြောက်ရေး ကြွေးကြော်သံနဲ့ လက်နက်ကိုင်အကြမ်းဖက် လုပ်ရပ်တွေကိုလည်း ရွံရှာမုန်းတီးနေကြတာ ကိုယ်တိုင်ကြုံတွေ့သိမြင်နေရပါပြီ။

KNU ရဲ့ ကရင်လူမျိုးကောင်းစားရေးဆိုတဲ့ ရည်မှန်းချက်ကိုလည်း လုံးဝမယုံကြည်ကြတော့ပါဘူး။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀ အတွင်း KNU အဖွဲ့အနေနဲ့ ကိုယ့်ပြည်နယ်၊ ကိုယ့်လူမျိုး အကျိုးစီးပွားအတွက် ဘာများ လုပ်ဆောင်ပေးခဲ့ပါသလဲ။ ကရင်ပြည်နယ်အတွင်း ဆည်တစ်ခု၊ တံတားတစ်စင်း လုပ်မပေးခဲ့တဲ့အပြင် KNU လုပ်ဆောင်ခဲ့တဲ့ အဖျက်လုပ်ရပ်များက အားလုံးမြင်တွေ့ကြားသိနေကြတဲ့အတိုင်း မှတ်တမ်းတင်လို့မဆုံးတော့ပါဘူး။ မြောက်မြားစွာသော အကြမ်းဖက် အဖျက်လုပ်ငန်းတွေကြောင့် ကျွန်တော်တို့ ကရင်လူမျိုးများသာမက ပြည်သူအများအပြားဟာ ရုပ်ပိုင်းဆိုင်ရာ ပျက်စီးဆုံးရှုံးမှုတွေရှိသလို၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဆုံးရှုံးမှုများကိုလည်း တန်ဖိုးကြီးမားစွာ ပေးဆပ်နေကြရပါတယ်။

ကျွန်တော်တို့ ကရင်လူမျိုးတွေရဲ့ မူလဗီဇက အေးအေးလူလူနေချင်တယ်၊ ရိုးသားပွင့်လင်းတယ်၊ စစ်ပွဲတွေကိုမလိုလားဘဲ ငြိမ်းချမ်းရေးကို လိုလားတယ်၊ ဇာတိမြေကို အလွန်ချစ်ခင်ပြီး ရိုးရာဓလေ့ထုံးစံတွေကို ဂုဏ်ယူမြတ်နိုးကြသူတွေဖြစ်ပါတယ်။ ဒါပေမယ့်လည်း **KNU က လူမျိုးကောင်းစားရေးကိစ္စကို လက်နက်ကိုင်လမ်းစဉ်နဲ့လုပ်ခဲ့လို့ နှစ်ပေါင်း ၆၀ ကျော် တည်ငြိမ်အေးချမ်းမှုတွေ ပျက်ပြားခဲ့ရတယ်။ ရိုးသားပွင့်လင်းတဲ့ လူမျိုးရဲ့ စရိုက်လက္ခဏာမှာ ရက်စက်ကြမ်းတမ်းတဲ့ စရိုက်လက္ခဏာအဖြစ် အမည်းစက်တွေ စွန်းထင်ခဲ့ရတယ်။ အလွန်ချစ်ခင်ရတဲ့ ဇာတိမြေကိုစွန့်ခွာပြီး တစ်ဖက်နိုင်ငံက ဒုက္ခသည်စခန်းတွေကို မရောက်ချင်ဘဲ ရောက်ခဲ့ကြရတယ်။ ဂုဏ်ယူမြတ်နိုးရတဲ့ ရိုးရာဓလေ့တွေ ပျောက်လုနီးပါးဖြစ်ခဲ့ရပြီး ဒုက္ခသည်ဘဝနဲ့ တိုင်းတစ်ပါးမှာ ဖိနှိပ်ဆက်ဆံခံနေရတယ်။ မယုံမရှိပါနဲ့ ကျွန်တော့်ကိုယ်တွေ့ဖြစ်ရပ်တွေပါပဲ။**

တကယ်တော့ ကရင်ဒုက္ခသည်စခန်း ဆိုတာကလည်း တိုက်ပွဲတွေ အကြောင်းပြုပြီး ထွက်ပြေးလာသူတွေကို ခေတ္တနားခိုရာ နေရာတွေအဖြစ် ယခင်က သတ်မှတ်ခဲ့ပေမယ့် နောက်ပိုင်းမှာ KNUခေါင်းဆောင်ပိုင်းနဲ့ ပြည်ပြေး နိုင်ငံရေးလုပ်စားသူတွေ၊ လူမှုကယ်ဆယ်ရေးအမည်ခံ အဖွဲ့အစည်းတွေက ဒေါ်လာငွေကြေးထောက်ပံ့မှုရရှိအောင် လုပ်စားတဲ့နေရာများဖြစ်နေပါတယ်။ ဒုက္ခသည်စခန်းဆိုတဲ့နေရာတွေမှာ လူများများရှိလေ သူတို့အတွက် ဝင်ငွေကောင်းလေဖြစ်လို့ ကရင်လူမျိုးများ ဒုက္ခရောက်အောင် နည်းပေါင်းစုံနဲ့ ကြံစည်လုပ်ကိုင်ပြီး အဲဒီကို မရောက်ရောက်အောင် မောင်းသွင်းနေကြတာ အထင်အရှားမြင်တွေ့နေရပါတယ်။

**ဒါ့အပြင် ပွင့်ပွင့်လင်းလင်းပြောရရင် ဒုက္ခသည်စခန်းဆိုတဲ့နေရာတွေဟာ ကျွန်တော်တို့ KNUတပ်ဖွဲ့ဝင်တွေ ခေတ္တရှောင်တိမ်းရာနေရာတွေဖြစ်ပြီး လက်ရှိအခြေအနေမှာတော့ ဒုက္ခသည်အခွင့်အရေးကို အသုံးချချင်တဲ့ ဒုစရိုက်သမားများ အခြေစိုက်ရာနေရာ ဖြစ်လာနေပါတယ်။ ဒုက္ခသည်ဆိုတဲ့ သူတွေကလည်း KNU တပ်ဖွဲ့ဝင်တွေ၊ မိသားစုဝင်တွေ၊ KNUက မိုင်းထောင်ရှာဖျက်ပြီး မောင်းထုတ်ခံခဲ့ရတဲ့သူတွေ၊ ပြည်တွင်းကနေ တရားမဝင် တိမ်းရှောင်ထွက်ပြေးလာနေတဲ့ ကရင်မဟုတ်တဲ့ ဒုစရိုက်ငမိုက်သားတွေ၊ တတိယနိုင်ငံကို သွားချင်လို့ ဒုက္ခသည်လက်မှတ်အတုနဲ့ ရောက်လာတဲ့ လူကုန်ကူးခံရသူတွေပဲဖြစ်ပါတယ်။ အဆိုးဆုံးကတော့ ထိုင်းနိုင်ငံတောင်ပိုင်းက လူမျိုးခြားတွေ အစုလိုက်၊ အပြုံလိုက် ရောက်ရှိလာပြီး ကရင်ဒုက္ခသည်အမည်ခံနေတာကို KNUကလည်း သိသိကြီးနဲ့ လက်ခံထားရပါတယ်။** တကယ့်ဒုက္ခသည်ဆိုတဲ့ ပြေးလာတဲ့သူက နည်းနည်းဖြစ်ပြီး ဒုက္ခသည်စခန်းကို အကြောင်းပြစီးပွားရှာဖို့ ရောက်လာတဲ့သူတွေက ပိုများနေပါတယ်။ ဒေါ်လာ ထောက်ပံ့ကြေးရဖို့အတွက် ကိုယ့်လူမျိုးရဲ့ ဂုဏ်သိက္ခာကိုတောင် မငဲ့ကွက်နိုင်တော့ပါဘူး။ တကယ့်ဖြစ်ရပ်မှန် အခြေအနေတွေအရ KNUရဲ့ ကရင်ကောင်းစားရေးလမ်းစဉ်ဟာ ကရင်တွေကို ဒုက္ခသည်စခန်းဆိုတဲ့ ဒုစရိုက်နေရာတွေကနေတစ်ဆင့် သူတစ်ပါးတိုင်းပြည်တွေမှာ အဖိနှိပ်ခံလူတန်းစားဖြစ်အောင် လုပ်နေခြင်းပဲ ဖြစ်ပါတယ်။

ဒါကြောင့်လည်း KNUအဖွဲ့အစည်းကို ပြည်တွင်းမှာရှိတဲ့ ကရင်လူမျိုးတွေက ရွံရှာမုန်းတီး ကြောက်ရွံ့နေကြတာ မဆန်းလှပါဘူး။ ကျွန်တော်တို့ ကရင်ပြည်သူတွေလိုလားတဲ့ ကရင်ကောင်းစားရေးဆိုတာ ကိုယ့်ဇာတိမြေ ဖွံ့ဖြိုးတိုးတက်ပြီး ငြိမ်းချမ်းလုံခြုံတဲ့ မိသားစုဘဝများပဲ ဖြစ်ပါတယ်။ တိမ်းရှောင်ပုန်းအောင်းပြေးလွှားနေရတာထက် ကိုယ့်မိသားစု အေးအေးလူလူနဲ့ တည်ငြိမ်ပြီး ဂုဏ်သိက္ခာရှိတဲ့ လူနေမှုပတ်ဝန်းကျင်ကို တကယ်ပဲ တောင့်တနေပါတယ်။

ရိုးရိုးသားသားဝန်ခံရရင် KNU ကို ထောက်ခံတယ်၊ အားပေးတယ်ဆိုတာ ပြည်တွင်းမှာရှိတဲ့ ကရင်လူမျိုးတွေ မဟုတ်ပါဘူး။ ပြည်ပမှာရှိနေတဲ့ အတ္တသမား ဝါဒစွဲတွေ၊ KNUကိုမှီခိုပြီး KNUကို ပြန်အသုံးချနေတဲ့ အခွင့်အရေးသမား နိုင်ငံရေးလုပ်စားသူတွေ၊ ပြည်တွင်း တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်လိုတဲ့ နိုင်ငံခြားသားတွေနဲ့ KNU ကြောင့် ကြီးပွားချမ်းသာနေတဲ့ အချောင်နှိုက် နိုင်ငံခြားစီးပွားရေး လုပ်ငန်းရှင်တွေသာ KNUကို အားပေးအားမြှောက် ပြုနေကြတာဖြစ်ပါတယ်။ အထူးသဖြင့် တပ်မတော်အစိုးရကိုဆန့်ကျင်ပြီး ပြည်ပမှာရှိနေတဲ့ နိုင်ငံရေး လှုပ်ရှားသူတွေက KNUနဲ့ နိုင်ငံတော်အစိုးရ ငြိမ်းချမ်းရေးရရှိသွားမှာကို အလွန် အင်မတန် စိုးရိမ်ကြောက်ရွံ့နေကြပါတယ်။ ဒါ့ကြောင့် အမျိုးမျိုး သွေးခွဲမြှောက်ပင့်ပေးပြီး KNUရဲ့ လက်နက်ကိုင် အကြမ်းဖက်လမ်းစဉ်ကို ခုခံတော်လှန်ရေးစစ်ပွဲအဖြစ် ပုံဖော်ပြီး အားပျော့ပြိုလဲမသွားအောင် ကျားကန်ပေးနေကြပါတယ်။ KNU အဖွဲ့အစည်းကတပ်မတော်နဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှု လုပ်လေတိုင်း ပြည်ပ ပယောဂများ ပူးကပ်ဝင်ရောက်နှောင့်ယှက်ခဲ့တာ ကျွန်တော်တို့ကိုယ်တိုင်လည်း အကြိမ်ကြိမ် ကြုံတွေ့ခဲ့ရပြီးပါပြီ။

လွဲမှားတဲ့လမ်းစဉ်ကြောင့် နှစ်ပေါင်း ၆၀ ကျော် မျိုးရိုးစဉ်ဆက် သက်တမ်းတစ်ခုအထိ လက်နက်စွဲကိုင်ခဲ့တဲ့ အနိဋ္ဌာရုံ

အမွေဆိုးကို သားစဉ်
ချင်တဲ့သူတွေ KNU
လက်ရှိ ပြည်တွင်းမှာ ရှ
ကြီး၊ ငယ်တချို့နဲ့ လ
စစ်မတိုက်ချင်ကြတော့
အများစုကလည်း ဆိုး
ငြိမ်းချမ်းရေးကိုသာ မျှော်

**ငြိမ်းချမ်းရေးလုပ်တ
မဟုတ်ဘဲ ပြည်သူတွေ
ဖော်ဆောင်ဖြည့်ဆည်း
ယုံကြည်ပါတယ်။ ငြိမ်
ငြိမ်းချမ်းရေးလုပ်တယ်
သွေးခွဲစကားကို နားယေ
ထဲက ရုန်းထွက်ဖို့ ခက်ခဲ
ကို ငြိမ်းချမ်းရေးရရှိပြီး
ရင်းသားအဖွဲ့တွေရဲ့ အ
ရေးရဲ့ အနှစ်သာရကို**

ပြည်ထောင်စုမပြိုကွ
မပြိုကွဲရေးဆိုတဲ့ နိုင်
တိုင်းရင်းသားသွေးချင်း
အကျိုးခံစားခွင့် ရှိစေမ
ကြောင်းကလည်း ပုံ
ကိုယ့်ဓလေ့ထုံးစံအရ
ပြည်ထောင်စုကြီး တ
စေဘဲ ပြည်သူအားလုံး
အခြေခံဥပဒေနဲ့အညီ
ကောင်းတွေ ရှိနေပြီဖြစ်
မဝင် လက်နက်ကိုင်
ဆောင်ခွင့်ရအောင် ဖန်
ကောင်းကို လက်မလွှ

**နိုင်ငံရေးလုပ်စား
ကျွန်တော်တို့နိုင်ငံရဲ့
နိုင်ငံခြားသားတွေရဲ့
သားသား စွန့်လွှတ်သွ
တယ်။ အတွေးအခေါ်
ပကတိအဖြစ်အမှန်တွေ
လိုလားတောင့်တချက်
လမ်းကြောင်းကို ရွေးချ**

ဒါ့ကြောင့်မို့
- ပြည်သူတွေရဲ့
  အေးချမ်းရေးအ
- ပြည်ပရောက်
  များရဲ့ သွေးခွဲ
  အကြောင်းပြ
  လမ်းကြောင်း

ဘယ်လမ်းကြောင်
လုပ်ဆောင်ချက်များကို
ခင်ဗျာ . . . ။ ။

ငြိမ်းချမ်းရေးလုပ်တယ်ဆိုတာ အနိုင်အရှုံးကို ဆုံးဖြတ်တာ မဟုတ်ဘဲ ပြည်သူတွေရဲ့ ပကတိလိုလားတောင့်တချက်ကို ဖော်ဆောင်ဖြည့်ဆည်း ပေးခြင်းဖြစ်တယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ငြိမ်းချမ်းရေးကို မလိုလားတဲ့သူတွေရဲ့ ငြိမ်းချမ်းရေးလုပ်တယ်ဆိုတာ လက်နက်ချ အညံ့ခံခြင်းဆိုတဲ့ သွေးခွဲစကားကို နားယောင်ခဲ့ရင်တော့ အကြမ်းဖက် သံသရာထဲက ရုန်းထွက်ဖို့ ခက်ခဲနေပါလိမ့်မယ်။ ငြိမ်းချမ်းရေးရဲ့တန်ဖိုး ကို ငြိမ်းချမ်းရေးရရှိပြီးဖြစ်တဲ့ အခြားပြည်နယ်၊ အခြားတိုင်းရင်းသား အဖွဲ့တွေရဲ့ အတွေ့အကြုံများနဲ့ နှိုင်းယှဉ်ပြီး ငြိမ်းချမ်းရေးရဲ့ အနှစ်သာရကို သိနားလည်သင့်ပါတယ်။

ရှေးပဝေသဏီကတည်းက ဒီမြေ၊ ဒီရေမှာ တိုင်
အတူတကွ အေးအတူ၊ ပူအမျှ လက်တွဲနေထိုင်ခဲ့ကြပ
တည်နေသရွေ့လည်း လက်တွဲမဖြုတ်စတမ်း ပြည်ထောင်စု
ယှဉ်တွဲ နေထိုင်ကြရမှာဖြစ်ပါတယ်။ လက်ရှိပကတိအနေအထ
ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ ဗမာ စသဖြင့် အမည်န
ပြည်ထောင်စုတစ်ဝန်း ဘယ်နေရာ ဘယ်ဒေသမှာမဆို လူမျ
နေထိုင်လျက် ရှိနေကြပါတယ်။ ဒီအတွက်ကြောင့် ဒေသတ
အကျိုးစီးပွားအတွက် သီးခြားအခွင့်အရေး တောင်းဆိုနေ
ကျဉ်းမြောင်းမှုမျိုးလည်း မထားရှိသင့်တော့ပါဘူး။

# ဂါဇာတောင်ပိုင်းဒေသ၌ အစ္စရေးစစ်လေယာဉ်များ တိုက်ခိုက်

**ဂါဇာ ဖေဖော်ဝါရီ ၁၃**

အီဂျစ်နိုင်ငံနယ်စပ်အနီး ဂါဇာကမ်းမြောင်ဒေသ တောင်ပိုင်းရာဖာမြို့အား အစ္စရေး၏ စစ်လေယာဉ်များက ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း ပါလက်စတိုင်း မျက်မြင်တွေ့ရှိ သူများက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ညဥ့်သန်းခေါင်ယံမတိုင်မီ မိနစ်ပိုင်းအလိုတွင် တိုက်ခိုက်ခဲ့သည်။ အစ္စရေးတို့ ပိတ်ဆို့ထားသော ဂါဇာကမ်းမြောင်ဒေသအတွင်းသို့ ကုန်ပစ္စည်းအမျိုးမျိုးကို တင်သွင်းရန် ပါလက်စတိုင်းများ အသုံးပြုသည့် နယ်စပ်ဒေသ ဥမင်လိုဏ်ဂူများကို အက်ဖ်-၁၆ ဂျက်တိုက် လေယာဉ်များက ဗုံးများ ကြဲချခဲ့သည်ဟု ဆိုသည်။

**ပျက်စီး**

ယင်းသို့ ဗုံးကြဲပြီး ခဏအကြာ လေယာဉ်များက ဒုံးကျည်သုံးစင်းဖြင့် ပစ်ခတ်မှုကြောင့် ရာဖာမြို့အရှေ့တောင်ပိုင်း ဂါဇာလေဆိပ်ရှိ အဆောက်အအုံများ ပျက်စီးခဲ့ကြောင်း လုံခြုံရေးသတင်းများက ဖော်ပြသည်။

**ဖော်ပြခြင်းမရှိ**

အဆိုပါ တိုက်ခိုက်မှုနှစ်ခု၌ သေကျေဒဏ်ရာရရှိခြင်းများကို ဖော်ပြခြင်း မရှိပေ။

***အမ်အင်အေ၊ဆင်ဟွာ။***



**ဂါဇာကမ်းမြောင်ဒေသ တောင်ပိုင်းရှိ ရာဖာမြို့ကို အစ္စရေးစစ်လေယာဉ်များ ပစ်ခတ်ပြီးနောက် အပျက်အစီးများအား ဖေဖော်ဝါရီ ၁၀ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## ဘာလီကျွန်း၌ အင်အား ၆ ဒသမ ၆ ရှိ ငလျင်လှုပ်

**ဂျကာတာ ဖေဖော်ဝါရီ ၁၃**

အင်ဒိုနီးရှားနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသည်များ အရောက်အပေါက်များသော ဘာလီကျွန်း ကမ်းလွန်ပင်လယ်၌ ဖေဖော်ဝါရီ ၁၂ရက် နံနက်က အင်အား ၆ ဒသမ ၆ ရှိ ငလျင်လှုပ်ခဲ့သည်ဟု အင်ဒိုနီးရှားမိုးလေဝသနှင့် ဘူမိရူပဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါငလျင်သည် ဂျကာတာမြို့ စံတော်ချိန် နံနက် ၁ နာရီ ၄၃ မိနစ်၌ ဘာလီကျွန်း ချူဆာဒူယာမြို့အနောက်တောင်ဘက် ကီလိုမီတာ ၂၁၀ အကွာ ပင်လယ်ရေအောက်အနက် ၁၀ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခဲ့သည်ဟု မိုးလေဝသဌာနမှ အရာရှိ မာရက်ဒ်နူရာဟမ်က ဆင်ဟွာသတင်းဌာနသို့ ဖုန်းဖြင့်ပြောကြားခဲ့သည်။

ဆူနာမီရေလှိုင်း သတိပေးချက်ကို မိုးလေဝသဌာနက မထုတ်ပြန်ခဲ့ဟု ၎င်းက ပြောကြားခဲ့သည်။

***အင်တာနက်။***

## ယီမင်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ပျက်ပြယ်သွား

**ဆာနား ဖေဖော်ဝါရီ ၁၃**

ယီမင်နိုင်ငံတွင် အစိုးရတပ်ဖွဲ့များနှင့် သူပုန်များအကြား အပစ်အခတ် ရပ်စဲရေးသဘောတူညီမှုရရှိကြောင်း ကြေညာပြီးနောက် နာရီအနည်းငယ်အကြာတွင် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့သည်။

**အကျအဆုံးရှိခဲ့**

နိုင်ငံမြောက်ပိုင်း အိုင်ကတ်ခရိုင်အတွင်း တိုက်ခိုက်မှုများတွင် အစိုးရတပ်ဖွဲ့ဝင်များ အကျအဆုံးရှိခဲ့သည်။

**လွတ်မြောက်လာခဲ့**

ထိပ်တန်းစစ်ဘက်အရာရှိ ဗိုလ်ချုပ်ကြီး မိုဟာမက်အဗ္ဗဒူလာအယ်လ်ကူစီက သတင်းထောက်များကို ပြောကြားရာတွင် ဟူသီသူပုန်များက ၎င်း၏ မော်တော်ယာဉ်တန်းကို တိုက်ခိုက်ခဲ့ရာ ကံသီ၍ အသက်ဘေးမှ လွတ်မြောက်လာခဲ့သည်ဟု ဆိုသည်။

**ဖျက်သိမ်း**

အပစ်အခတ်ရပ်စဲရေး သဘောတူညီကြောင်း ကြေညာ၍ လမ်းများပိတ်ဆို့ထားခြင်းကို ဖျက်သိမ်းပြီးနောက် မကြာမီ အဆိုပါတိုက်ခိုက်မှု ပေါ်ပေါက်လာခြင်းဖြစ်သည်။

**ညှိနှိုင်းဆွေးနွေး**

တိုက်ခိုက်မှုများနှင့် ပတ်သက်၍ သတင်းများမထွက်မီ အပစ်အခတ်ရပ်စဲရေးသည် ၁၂ နာရီသာ ကြာမြင့်ခဲ့သည်။

အစိုးရတပ်ဖွဲ့နှင့် သူပုန်များသည် ပြဿနာကို မည်သို့အဆုံးသတ်ရမည်ကို ရက်အနည်းငယ်ကြာသည်အထိ မြို့တော်ဆာနားတွင် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်ဟု ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

## ပီရူးမြောက်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်း အိမ်ခြေ ၂၀၀၀၀ ရေလွှမ်း

**လီမာ ဖေဖော်ဝါရီ ၁၃**

ပီရူးနိုင်ငံမြောက်ပိုင်းတွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ဖေဖော်ဝါရီ ၁၁ရက်က အိမ်ခြေ ၂၀၀၀၀ ထက် မနည်းရေလွှမ်းခဲ့ပြီး ၁၅၀ ကျော် ပြိုကျခဲ့ကြောင်း ပြည်တွင်းသတင်းများက ဖော်ပြသည်။

ပီရူးနိုင်ငံမြောက်ပိုင်း ထရူဂျယ်လိုမြို့၌ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ဆေးရုံသုံးခု ရေလွှမ်းကာ ရေတိုက်စားမှုကြောင့် အဆောက်အအုံအချို့ အောက်ခြေများ ကွဲအက်ခဲ့သည်။

လာအက်စ်ပါရန်ဇာ၊ အဲလ်ပေါ်ဗီနာနှင့် ဆာလာဗာရီမြို့တို့၌ ရေလွှမ်းမှု ကြုံတွေ့နေရပြီး လာလီဘာတက်ပြည်နယ် ထရူဂျယ်လိုမြို့တွင် အဆိုးရွားဆုံး ကြုံတွေ့ခဲ့ရသည်။

ဒေသဆိုင်ရာ အာဏာပိုင်များက မသန့်ရှင်းသောရေကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားမှုနှင့် ပတ်သက်၍ သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ဆိုသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## အာဖဂန်နစ္စတန်တောင်ပိုင်း၌ ဗုံးပေါက်ကွဲ အိုင်အက်စ်အေအက်ဖ် တပ်ဖွဲ့ဝင် သေဆုံး

**ကဘူး ဖေဖော်ဝါရီ ၁၃**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် ဖေဖော်ဝါရီ ၁၁ ရက်က ဗုံးပေါက်ကွဲမှုကြောင့် နိုင်ငံခြားတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း နေတိုးဦးဆောင်သော နိုင်ငံတကာ လုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့၏ သောကြာနေ့သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် လက်လုပ်ဗုံးဖြင့် တိုက်ခိုက်ခြင်းကြောင့် အိုင်အက်စ်အေ အက်ဖ်တပ်ဖွဲ့ဝင် တစ်ဦး သေဆုံးကြောင်း သတင်းထုတ်ပြန်ခဲ့သော်လည်း ပေါက်ကွဲမှု ဖြစ်ပွားရာနေရာ သို့မဟုတ် တပ်ဖွဲ့ဝင်၏နိုင်ငံကို ဖော်ပြခြင်းမရှိချေ။

ဖေဖော်ဝါရီ ၁၁ ရက် ညပိုင်းကလည်း အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ပက်တီယာပြည်နယ်တွင် အိုင်အက်စ်အေအက်ဖ်နှင့် အာဖဂန်လုံခြုံရေးတပ်ဖွဲ့တို့၏ ပူးပေါင်းတပ်စခန်း၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်အချို့ ဒဏ်ရာရရှိကြောင်း အိုင်အက်စ်အေအက်ဖ်က ထပ်မံ သတင်းထုတ်ပြန်ခဲ့သည်။

အိုင်အက်စ်အေအက်ဖ် သို့မဟုတ် အာဖဂန် လုံခြုံရေးတပ်ဖွဲ့ဝင်တို့ သေကျေဒဏ်ရာရရှိမှုကို ဖော်ပြခြင်းမရှိချေ။ ယင်းသို့ဖြစ်ပွားမှုကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ၎င်းတို့က ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**တရုတ်နိုင်ငံအလယ်ပိုင်း ဟီနန်ပြည်နယ် ဆန်ဇီယန်စီရင်စုရှိ ရန်ကီတန်ကျေးရွာမှ လက်မှုပညာရှင်တစ်ဦးက ကျားရုပ်များကို ရွှံ့ဖြင့်ပြုလုပ်နေသည်ကို ဖေဖော်ဝါရီ ၁၂ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*



## ကနေဒါအလယ်ပိုင်း၌ ကုန်တင်ရထား လမ်းချော်

**အော့တဝါ ဖေဖော်ဝါရီ ၁၃**

ကနေဒါနိုင်ငံအလယ်ပိုင်း မာနီတိုဘာပြည်နယ်တွင် ဖေဖော်ဝါရီ ၁၁ရက် နံနက်ပိုင်းက ဓာတ်မြေဩဇာတင်တွဲပေါင်း ၆၀ နီးပါးပါရှိသော ကုန်တင်ရထားတစ်စင်း လမ်းချော်မှုဖြစ်ပွားခဲ့ကြောင်း၊ သို့ရာတွင် သေကျေဒဏ်ရာရရှိမှု မရှိကြောင်း သတင်းများတွင် ပြောကြားသည်။

**ရထားလမ်းချော်**

အမေရိကန်နိုင်ငံသို့ ဦးတည်ပြေးဆွဲနေသော ကနေဒါနိုင်ငံ ရထားကုမ္ပဏီ (စီအင်န်အာရ်) ပိုင် ကုန်တင်ရထားသည် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲခန့်၌ မာနီတိုဘာပြည်နယ် ရီးဗားစ်ဒေသ အနောက်ဘက် ၁၆ ကီလိုမီတာအကွာ၌ ရထားလမ်းချော်မှု ဖြစ်ပွားခဲ့သည်။

**ရှင်းလင်း**

ဓာတ်မြေဩဇာတင်ရထားတွဲ ၅၆စီးမှ ဖိတ်စဉ်ခဲ့သော ဓာတ်မြေဩဇာများကို ရှင်းလင်းလျက်ရှိပြီး ယင်းသို့ ရှင်းလင်းနိုင်ရန် မည်မျှကြာမြင့်မည်ကို ပြောကြားခြင်း မရှိချေ။

**သောင်တင်**

သောကြာနေ့တွင် စတင်မည့် ဗန်ကူးဗား ဆောင်းရာသီ အိုလံပစ်အားကစားပွဲသို့ ဦးတည်လာသော ဗီယာရေးလ်ရထားပေါ်မှ ခရီးသည်များသည် ယင်းသို့ ရထားလမ်းချော်မှု ဖြစ်ပွားခြင်းကြောင့် ဝန်နီပက်ဒေသတွင် သောင်တင်လျက်ရှိကြောင်း ကနေဒါ အသံလွှင့်ဌာနက ဖော်ပြသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ဟဲလ်မန့်ပြည်နယ်ထိုးစစ် နေတိုးစတင်

**မာဂျား ဖေဖော်ဝါရီ ၁၃**

ထောင်ပေါင်းများစွာသော အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များနှင့် အာဖဂန်တပ်ဖွဲ့ဝင်များသည် တာလီဘန်စစ်သွေး ကြွတို့၏ ခြေကုပ်စခန်းဖြစ်သော ဟဲလ်မန့်ပြည်နယ် မာဂျားမြို့ကို စနေနေ့က အလုံးအရင်းဖြင့် ထိုးစစ်ဆင်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

**ထိုးဖောက်ဝင်ရောက်**

အာဖဂန်နှင့် နေတိုးတပ်ဖွဲ့ဝင်များသည် ရဟတ်ယာဉ်အစီး ၆၀ ကို အသုံးပြု၍ မာဂျားမြို့ကို ထိုးဖောက်ဝင်ရောက်နိုင်ခဲ့ကြောင်း၊ အတားအဆီးများကို ကျော်ဖြတ်၍ စစ်ဆင်ရေးကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း နေတိုးတပ်ဖွဲ့အကြီးအကဲတစ်ဦးက ပြောကြားသည်။

အသေအပျောက်စာရင်းကို ထုတ်ပြန်ခြင်းမရှိသော်လည်း လေကြောင်းချီတပ်ဖွဲ့များ ဝင်ရောက်ပြီးနောက် အာဖဂန်တောင်ပိုင်း၌ ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး စနေနေ့က သေဆုံးခဲ့ကြောင်း သိရသည်။

ဟဲလ်မန့်ပြည်နယ်စစ်ဆင်ရေးတွင် အနည်းဆုံးပုန်ကန်သူ ၂၀ သေဆုံးခဲ့ကြောင်း အာဖဂန်တပ်ဖွဲ့ တပ်မှူးတစ်ဦးက ပြောကြားခဲ့သည်။ ***အင်တာနက်။***






**ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာဒေသတွင် အသေခံဗုံးခွဲတိုက်ခိုက်ခံရ၍ ပျက်စီးသွားသော လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကင်းလှည့်ကားကို ဖေဖော်ဝါရီ ၁၀ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း၌ အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်

**ဂျကာတာ ဖေဖော်ဝါရီ ၁၃**

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း တောင်ဆူလာဝေဆီပြည်နယ်တွင် ဖေဖော်ဝါရီ ၁၀ရက် မွန်းလွဲ ၃နာရီ ၄၆မိနစ်က ရစ်ချ်တာစကေး ၅အဆင့်ရှိ အင်အားငလျင်လှုပ်သွားကြောင်း ငလျင်တိုင်းတာရေးစခန်းက ဖော်ပြသည်။

**ဗဟိုပြု**

အဆိုပါငလျင်သည် အလယ်ပိုင်းဆူလာဝေဆီပြည်နယ်၏ပိုဆိုဒေသ အရှေ့တောင်ဘက် ၁၇၄ကီလိုမီတာအကွာနှင့် ပြည်နယ် မြို့တော် ပါလိုပိုမြို့ အရှေ့မြောက်ဘက် ၁၆၈ကီလိုမီတာအကွာကို ဗဟိုပြုပြီး ပင်လယ်ပြင်အောက် ၁၀ ကီလိုမီတာအနက်၌ လှုပ်သွားသည်ဟု ဆိုသည်။

ငလျင်တိုင်းတာရေးစခန်းက ဆူနာမီ သတိပေးချက် ထုတ်ပြန်ခြင်းမရှိဟု သိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ဘရာဇီးတွင် အပူလှိုင်းဒဏ်ကြောင့် သက်ကြီးရွယ်အိုများသေဆုံး

**ဘရာဆီးလီးယား ဖေဖော်ဝါရီ ၁၃**

ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်းရှိ မြို့ကြီးတစ်မြို့တွင် ယခုသီတင်းပတ်အတွင်းက အခါရာသီမဟုတ်ဘဲ အပူချိန်မြင့်တက်လွန်ကဲ၍ သက်ကြီးရွယ်အို ၃၂ဦး သေဆုံးသွားရကြောင်း ကျန်းမာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။ သေဆုံးသူများမှာ ပင်လယ်ကမ်းခြေမြို့ဖြစ်သော ဆန်းတို့စ်မြို့နှင့် ၎င်းမြို့အနီးရှိ ဆော်ပေါ်လိုမြို့တွင် နေထိုင်သူများဖြစ်ကြကြောင်း၊ ၎င်းတို့တွင် ဆီးချိုနှင့်သွေးတိုးကဲ့သို့ ရောဂါအခံများရှိနေကြကြောင်း၊ သို့ဖြစ်၍ အပူလှိုင်းဒဏ်ကို မခံနိုင်၍ သေဆုံးသွားကြရခြင်းဖြစ်ကြောင်း ဆန်တို့စ်မြို့မှ ကျန်းမာရေးဝန်ကြီးဌာန ညှိနှိုင်းရေးမှူးက ပြောကြားသည်။ ထိုနေ့က ဆန်တို့စ်မြို့တွင် အပူချိန် ၃၉ ဒီဂရီ ဆဲလ်စီးယပ်စ်သို့ ရောက်ရှိခဲ့ပြီး နောက်ရက်များတွင်လည်း အပူချိန် ၃၀ ဒီဂရီအထက်တွင်ရှိကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ရန်ကုန်တိုင်း အားကစားကော်မတီနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့က ပူးပေါင်းကျင်းပမည့် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား အပြည်ပြည်ဆိုင်ရာ စစ်တုရင် တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၈ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် တစ်ဦးချင်းပြိုင်ပွဲနှင့် အသင်းလိုက်ပြိုင်ပွဲ ပါဝင်မည်ဖြစ်ပြီး တစ်ပြိုင်နက်တည်း အရောပုံစံဖြင့် ပြုလုပ်မည်ဖြစ်သည်။ တစ်ဦးချင်းပြိုင်ပွဲတွင် ရရှိခဲ့သော တစ်ဦးချင်းအဆင့်ပေါင်းလဒ်ကို အသင်းလိုက်အဆင့်အဖြစ် တွက်ချက်သတ်မှတ်မည်ဖြစ်သည်။

ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များအလိုက် အသင်းတစ်သင်းစီပါဝင်ခွင့်ရှိပြီး အသင်းလိုက်ပြိုင်ပွဲအတွက် အများဆုံး အားကစားသမား ငါးဦး (သို့) အနည်းဆုံး လေးဦးဖြင့် ဖွဲ့စည်းရမည်ဖြစ်သည်။ အသင်းလိုက်ဖွဲ့စည်းပုံ အားကစားသမားအရေအတွက် မပြည့်မီပါက တစ်ဦးချင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ပါဝင်ယှဉ်ပြိုင်မည့် အသင်းများသည် သတ်မှတ်ထားသည့် ပြိုင်ပွဲဝင်ပုံစံ သုံးစုံတွင် သက်ဆိုင်ရာ မြို့နယ်အားကစားမှူး၏လက်မှတ်၊ တံဆိပ်တုံး အပြည့်အစုံရေးသွင်းလျက် ဖေဖော်ဝါရီ ၁၄ ရက်နောက်ဆုံးထား၍ ပြိုင်ပွဲကျင်းပရေးကော်မတီ မြန်မာနိုင်ငံစစ်တုရင် အဖွဲ့ချုပ်သို့ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရှိရသည်။

(ကြေးမုံ)

# မီးဖို မီးကြွင်း မီးကျန် သတိပြုရန် နှိုးဆော်ချက်

- သင့်ရဲ့ အိမ်မှာ မီးဖို မီးကြွင်း မီးကျန်မှ တစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများသုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။
- သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများ ရှိပါက မီးကိုပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သို့ထွက်သွားခြင်းအား သတိထားပြီး အလေ့အကျင့် ပြုလုပ်ပါ။
- မီးဖို မီးကြွင်း မီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့ သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

# (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားများ အမြို့မြို့အနယ်နယ်တွင် ကျင်းပ



(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား ရန်ကင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုအောင် ဖတ်ကြားစဉ်။ (၃၅)



(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဇေယျ ဖတ်ကြားစဉ်။ (၃၄)



(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား သယ်န်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လွင် ဖတ်ကြားစဉ်။ (၅၀၆)



(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား ရွှေပြည်သာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညီညီအောင် ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)



(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား ပုဇွန်တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပုဖတ်ကြားစဉ်။ (ကြေးမုံ)



(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘိုထွန်းဖတ်ကြားစဉ်။ (၅၂၇)



(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား မြောက်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ဝင်းအောင် ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)



(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား ကြည့်မြင်တိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဦး ဖတ်ကြားစဉ်။ (၅၄၆)

# မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများ မိုးအနည်းငယ် ရွာနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကယားပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

**ထူးခြားသည့် ညအပူချိန်များမှာ** ပူတာအိုမြို့၊ ဟဲဟိုးမြို့၊ နမ့်စန်မြို့နှင့် အမ်းမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီနှင့် လားရှိုးမြို့တွင် ၇ ဒီဂရီစင်တီဂရိတ် တို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**ဖေဖော်ဝါရီ ၁၄ ရက် ညနေထိ ခန့်မှန်းချက်။** ။ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။လှိုင်းအနည်းငယ်သာရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် မိုးအနည်းငယ် ရွာနိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။



(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စိုးမိုး ဖတ်ကြားစဉ်။ (ကြေးမုံ)

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

## မန္တလေး-စစ်ကိုင်း-ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ သီရိမင်္ဂလာခုံးကျော်တံတား ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၄)က တာဝန်ယူ တည်ဆောက်ပြီးစီးခဲ့သည့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် မန္တလေး-စစ်ကိုင်း-ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ သီရိမင်္ဂလာခုံးကျော်တံတား ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ တိုင်း၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ☆



မန္တလေး - စစ်ကိုင်း - ရွှေဘို- မြစ်ကြီးနားလမ်းပေါ်ရှိ သီရိမင်္ဂလာခုံးကျော်တံတားကို တွေ့ရစဉ်။ (ဆောက်လုပ်ရေး)

### လျှပ်စစ်ဓာတ်အားသုံးစွဲမှု သတိပြု

လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် လျှပ်စစ်ဝါယာရှော့ဖြစ်ခြင်း (Wire Shock)၊ လျှပ်စစ်ဓာတ်အား မြင့်တက်ခြင်း (Over Loading)၊ ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများအသုံး ပြုခြင်း(Use of Defective Tools and Appliance)၊ မီးအားထိန်းကိရိယာ (Safe Guard)ချွတ်ယွင်း၍ အလိုအလျောက် (Auto) ပြုတ်မကျခြင်းတို့ကြောင့် မီးလောင်မှုများစတင်ဖြစ်ပွားနိုင်ပြီး မလိုလားအပ်သော ဆုံးရှုံးမှုများဖြစ်ပွားနိုင်သဖြင့် လျှပ်စစ်ဓာတ်အား အသုံးပြုရာတွင် ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများ၊ မီးကြိုးများ မသုံးစွဲကြရန်၊ စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် လျှပ်စစ်ပစ္စည်းများကိုသာ သုံးစွဲကြရန်၊ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သောနေရာများတွင်သာ တပ်ဆင်၍ အနီးအနားတွင် မီးလောင်လွယ်သောပစ္စည်းများ မထားရှိစေရေး သတိပေးနှိုးဆော်အပ်ပါသည်။

### ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ဖြစ်ပွားမှုများရှိနေ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများတွင် ပြည်သူလူထုပူးပေါင်းဆောင်ရွက်ရန်နှိုးဆော်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

၂၀၁၀ခုနှစ် ဖေဖော်ဝါရီလဆန်းမှစတင်၍ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ရှမ်းပြည်နယ်တို့၌ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ New Influenza A(H1N1) ဖြစ်ပွားသူများ တွေ့ရှိရသဖြင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် **စာမျက်နှာ ၅ ကော်လံ ၅ သို့**✧